ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်၊ စနေနေ့ (19-5-2012) (၇၁၂၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၁၁/၂၀၁၂)
၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၁၃ရက်
(၂၀၁၂ ခုနှစ်၊မေလ ၃ ရက်)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီဖွဲ့စည်းခြင်း

၁။ **ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသည့် နိုင်ငံတော်သမ္မတ ဦးဆောင်သော ပြည်ထောင်စု အစိုးရအဖွဲ့သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြုလွှတ်တော်၊ တရားစီရင်ရေးအဖွဲ့တို့နှင့် ဟန်ချက်ညီညီလက်တွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရာတွင် ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိပါ သည်။**

၂။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးရာတွင် ဦးဆောင်ဦးရွက်ပြုရန်အတွက် "ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ " အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က)	ဦးသိန်းစိန် နိုင်ငံတော်သမ္မတ	ဥက္ကဋ္ဌ
(ခ)	သီဟသူရဦးတင်အောင်မြင့်ဦး ဒုတိယသမ္မတ	အဖွဲ့ဝင်
(ဂ)	ဒေါက်တာစိုင်းမောက်ခမ်း ဒုတိယသမ္မတ	အဖွဲ့ဝင်
(ဃ)	သူရဦးရွှေမန်း ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်	အဖွဲ့ဝင်
(င)	ဦးခင်အောင်မြင့် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်	အဖွဲ့ဝင်
(စ)	ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်	အဖွဲ့ဝင်

စာမျက်နှာ ၃ ကော်လံ ၁ သို့

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၁၂/၂၀၁၂)
၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်
(၂၀၁၂ ခုနှစ်၊ မေလ ၃ ရက်)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၁။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးဆောင်ရွက်ရန်အတွက် "ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ"အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း လိုက်သည်-

(က)	ဒေါက်တာစိုင်းမောက်ခမ်း ဒုတိယသမ္မတ	ဥက္ကဋ္ဌ
(ခ)	ဗိုလ်ချုပ်ကြီးစိုးဝင်း ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)	ဒုတိယဥက္ကဋ္ဌ
(ဂ)	ဦးအောင်မင်း ပြည်ထောင်စုဝန်ကြီး	ဒုတိယဥက္ကဋ္ဌ
(ဃ)	ဦးသိန်းဇော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်	ဒုတိယဥက္ကဋ္ဌ
(င)	ဦးအုန်းမြင့် ပြည်ထောင်စုဝန်ကြီး	အဖွဲ့ဝင်
(စ)	ဦးစိုးသိန်း ပြည်ထောင်စုဝန်ကြီး	အဖွဲ့ဝင်
(ဆ)	ဦးဇော်မင်း ပြည်ထောင်စုဝန်ကြီး	အဖွဲ့ဝင်

စာမျက်နှာ ၃ ကော်လံ ၁ သို့

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်မြို့ရှိ အားကစားကွင်းများနှင့် လှည်းတန်းခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အားကစားကွင်းများနှင့် လှည်းတန်းခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကိုကို၊ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပညာရေးဝန်ကြီးဌာန **စာမျက်နှာ ၈ ကော်လံ ၁ သို့**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) တက္ကသိုလ်များ တင်းနစ်ကွင်းများကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၁၉-၅-၂၀၁၂[စနေနေ့]။

အဂတိကင်းရှင်းစွာ ကြိုးပမ်းဆောင်ရွက်ခြင်း

ပြည်သူတို့၏စားဝတ်နေရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့မှအစ ထိထိရောက်ရောက် ပြောင်းလဲတိုးတက်လာစေရန်အတွက် နိုင်ငံတော်က အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို ပြည်သူအားလုံး သိရှိပြီးဖြစ်သည်။ ပြုပြင်ပြောင်းလဲတိုးတက်မှုရှိစေရန် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာက ပြောင်းလဲမှုကို ထင်သာမြင်သာဖြစ်အောင် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ပြည်သူများကလည်း နားလည်မှုရှိရှိဖြင့် ပူးပေါင်းပါဝင်ဖို့ လိုမည်ဖြစ်သည်။

တစ်ယောက်အားဖြင့်မစွမ်းသာ ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်သကဲ့သို့ ထိုသို့အောင်မြင်စေရန်အတွက်လည်း လိုအပ်သည့် ပံ့ပိုးကူညီမှု၊ ကြပ်မတ်မှု၊ ထိန်းကျောင်းမှုများလည်း လိုမည်ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် ငွေကြေး၊ အရင်းအနှီးနှင့် နည်းပညာများ၊ လူ့စွမ်းအားအရင်းအမြစ်များသည် ပဓာနကျသော အရင်းခံအကြောင်းတရားများဖြစ်သည်။

ယခင်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် နိုင်ငံတော်ဘဏ္ဍာငွေတစ်ခုတည်းကိုသာ မှီခိုအားထားခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ ယင်းလုပ်နည်းလုပ်ဟန်များသည် မျက်မှောက်ကာလတွင် များစွာပြောင်းလဲသွားသည်ကို တွေ့ရသည်။ နိုင်ငံတော်က ပွင့်လင်းမြင်သာစွာ ဖွင့်လှစ်ပေးထားသော ဈေးကွက်စီးပွားရေးစနစ်အရ ပြည်သူ့အကျိုးကို ရည်မျှော်၍ လွတ်လပ်စွာလုပ်ကိုင်ခွင့်ပြုထားသည်ကိုလည်း တွေ့ရပေသည်။

ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ၊ ကူညီထောက်ပံ့မှုများမှာ ကမ်းလင့်လျက်ရှိသော်လည်း လက်တွေ့စတင်မှု၌ ကြိုးပမ်းအားထုတ်ဆဲဖြစ်သည်။ နိုင်ငံတကာ အကူအညီနှင့် ချေးငွေများသည်လည်း အလားတူပင်ဖြစ်သည်။ ပြည်တွင်းအဖွဲ့အစည်းများ၏ တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်မှုများမှာလည်း စတင်မှုပြုလျက်ရှိသည်။ ထို့ကြောင့် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ရရှိရေးအတွက် လည်းကောင်း၊ ကဏ္ဍအလိုက်၊ ဒေသအလိုက် ဆက်သွယ်လက်ခံရယူ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးအတွက် လည်းကောင်း နိုင်ငံတော်အစိုးရက ကူညီပံ့ပိုးပေးလျက်ရှိသည့်နည်းတူ ဆိုင်ရာဆိုင်ရာတို့ကလည်း ဥစ္စာရင်လို ဥစ္စာရင်ခဲ ကြိုးပမ်းကြံဆောင် လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းများ မြန်ဆန်အဆင်ပြေစေရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုအဖွဲ့အစည်းများကို ပုဂ္ဂလိကကဏ္ဍအချင်းချင်း ပေါင်းစပ်ညှိနှိုင်းရန်နှင့် အစိုးရသို့အကြံပြု ပူးပေါင်းဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ လူမှုစီးပွားရေးအကြံပေးကောင်စီဖွဲ့စည်းပြီး ဆောင်ရွက်သွားမည်ဟု ကြားသိရရာ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ကောင်းတစ်ခုဟု ဆိုရမည်ဖြစ်သည်။

ပုဂ္ဂလိက လူမှုရေး၊ စီးပွားရေးအသင်းအဖွဲ့များကလည်း နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိသော ပြုပြင်ပြောင်းလဲမှုကဏ္ဍများတွင် ပြည်သူတစ်ရပ်လုံးနှင့်အတူ ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုတွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါပေသည်။ အသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ၊ သမဝါယမအသင်းအဖွဲ့များ၊ ဖောင်ဒေးရှင်းများသည် ပြည်သူတို့၏ လူမှုစီးပွားရေးကို မြှင့်တင်ပေးမည့် အဓိကအဖွဲ့အစည်းများဖြစ်သည်။

နိုင်ငံတော်ကို နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်လာစေရေးသည် နိုင်ငံသားအားလုံး၏ အဓိကလိုအင်ဆန္ဒဖြစ်သည်။ ပြည်သူများ၏ ဆန္ဒအမှန်ကို ဖော်ထုတ်ပေးရန်အတွက် နိုင်ငံတော်၊ ပြည်သူနှင့် အဖွဲ့အစည်းများ အားလုံး ပါဝင်လက်တွဲဆောင်ရွက်မှသာလျှင် အောင်မြင်မည်ဖြစ်သည်။ ဤသို့ဆောင်ရွက်ရာတွင် နိုင်ငံချစ်စိတ် အရင်းတည်၍ မိမိဘဝကို လောကအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်ကြရမည်ဖြစ်သည်။ လောကကို မိမိဘဝအတွက် မဆောင်ရွက်မိဖို့ လိုမည်ဖြစ်သည်။

နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရာတွင် ဖော်ပြပါအတိုင်း လူတစ်စုမျက်နှာကို မကြည့်ဘဲ ပြည်သူအများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အဂတိတရားကင်းရှင်းစွာဖြင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းသတ်မှတ်ချက်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား China NGO Network for International Exchange (CNIE) မှ ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၈

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China NGO Network for International Exchange (CNIE)မှ အတွင်းရေးမှူးချုပ် Mr.You Jianhua ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးရုံး ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ ပါဝင်ကူညီဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ကျေးလက်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China NGO Network for International Exchange (CNIE)မှ အတွင်းရေးမှူးချုပ် Mr.You Jianhua နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း အရာရှိဝန်ထမ်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးသန်းထွန်း လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၁၈

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် ယနေ့ နံနက် ၈ နာရီတွင် သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အရာရှိဝန်ထမ်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဆင်းပွဲသို့ တက်ရောက်၍ သမဝါယမစနစ်သည် လူလူချင်း တစ်ဦးကို တစ်ဦး အပြန်အလှန် ကူညီစောင့်ရှောက်သည့် လုပ်ငန်းဖြစ်သကဲ့သို့ စုပေါင်းအင်အားအဖြစ် ထူထောင်ကြသည့် လုပ်ငန်းစနစ်လည်းဖြစ်ကြောင်း၊ တစ်ဦးစီအကျိုးကို အများက၊ အများအကျိုးကို တစ်ဦးစီက One for all , All for one ဆောင်ရွက်သည့် လုပ်ငန်းလည်းဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ယုံကြည်လေးစားပြီး ရိုးရိုးရှင်းရှင်း ဆောင်ရွက်ကြရန်၊ လုပ်ငန်းတာဝန်များကို ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်၊ ထိုးထွင်းဉာဏ်များ အသုံးပြုပြီး အောင်မြင်အောင် ဆောင်ရွက်ကြရန်၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ ဥပဒေများအတိုင်း တိတိကျကျ လုပ်ဆောင်ပြီး သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို လပွတ္တာရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ UHF စနစ်ဖြင့် ပြောင်းလဲထုတ်လွှင့်

နေပြည်တော် မေ ၁၈

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လပွတ္တာရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြား (MRTV) အစီအစဉ်များကို လွှင့်အား 1 KW (VHF စနစ် Channel 5) ဖြင့် ထုတ်လွှင့်လျက်ရှိပြီး ပြည်သူများ အရည်အသွေး ပိုမိုကောင်းမွန်စွာနှင့် လွှင့်အားပျံ့နှံ့မှု (Coverage) ပိုမိုဖမ်းယူနိုင်စေရန် မေ ၈ ရက်မှစ၍ လွှင့်အား 3 KW (UHF စနစ် Channel J-13) ဖြင့် ပြောင်း၍ ထုတ်လွှင့်လျက်ရှိသည်။ 3 KW UHF စနစ်ဖြင့် ထုတ်လွှင့်မှုကို လပွတ္တာ၊ ငပုတော၊ ပြင်စလူနှင့် မြောင်းမြမြို့နယ်များရှိ ကျေးရွာများမှ ကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်သည်။

လပွတ္တာရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ ယခင်ထုတ်လွှင့်သည့် VHF စနစ် Channel-5 နှင့် ယခုထုတ်လွှင့်သည့် UHF စနစ် Channel J-13 တို့ကို မေ ၃၁ ရက်ထိ အပြိုင်ထုတ်လွှင့်ပေးမည်ဖြစ်ပြီး ဇွန် ၁ ရက်မှစ၍ 3 KW UHF (Channel J-13) လွှင့်စက်တစ်လုံးတည်းဖြင့် ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်းနှင့် ဇွန် ၁ ရက်မှစ၍ UHF Antenna များဖြင့်သာ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၈ - ၅ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၃၅. ၀၀၀	၀. ၀၀၁၂၀
ထိုင်း (ဘတ်)	၃၁. ၃၃၅၀	၀. ၀၃၁၉၁
တရုတ် (ယွမ်)	၆. ၃၂၇၃၁	၀. ၁၅၈၀၅
အိန္ဒိယ (ရူပီး)	၅၄. ၄၈၄၅	၀. ၀၁၈၃၅
မလေးရှား (ရင်းဂစ်)	၃. ၁၃၆၅၀	၀. ၃၁၈၈၃
စင်ကာပူ (ဒေါ်လာ)	၁. ၂၇၃၃၇	၀. ၇၈၅၃၂
ဂျပန် (ယန်း)	၇၉. ၃၂၃၄	၀. ၀၁၂၆၁
တောင်ကိုရီးယား(ဝမ်)	၁၁၆၇. ၄၆	၀. ၀၀၀၈၆
ယူရို	၀. ၇၈၆၃၁	၁. ၂၇၁၇၇
ဗြိတိသျှ (ပေါင်)	၀. ၆၃၁၈၀	၁. ၅၈၂၇၇

အင်တာနက်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၉-၅-၂၀၁၂ (စနေနေ့)

၇း၀၅ တရားတော်
၈း၁၅ ဇာတ်လမ်းတို
၁၁း၂၅ ကာတွန်းအစီအစဉ်
-ကြောင်ကလေးအော်ဂီနှင့်
ပိုးဟပ်ရှုပ်ကလေးများ
(အပိုင်း-၅၇)
၁၂း၀၀ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်**
-မြေလတ်သား
(ကျော်ကျော်၊ ဝိုင်းစုခိုင်သိန်းနှင့်
သရုပ်ဆောင်များ)
[ဒါရိုက်တာ-ကိုသောင်း]
၂း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
-ရှင်သန်နေသရွေ့
(အပိုင်း-၂၆)
၄း၁၅ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၄၀ ကုန်သွယ်သုတ
၅း၂၀ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၂၀ စားဖိုဆောင်ချစ်သူ
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
- သူရဲကောင်းလေးကျွန်မချစ်သူ
(အပိုင်း-၂၄) (ဇာတ်သိမ်း)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- လူ့ရှင်တော်စတား
- အင်္ဂလိပ်စာသုတ
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"ကိုလူချောလေးရဲ့
ဒုတိယအစီအစဉ်"(အပိုင်း-၂၄)
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"အရုဏ်ဦးရဲ့လင်းသံစဉ်"
(အပိုင်း-၂၈)

Basic Remote Sensing System နည်းပညာသင်တန်းဖွင့်မည်

ရန်ကုန် မေ ၁၈

Basic Remote Sensing System သင်တန်းကို မေ ၂၆၊၂၇ နှင့် ဇွန် ၂၊ ၃ ရက် (စနေ၊ တနင်္ဂနွေ)နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ e-Learning Center ၌ ရက်သတ္တနှစ်ပတ် (သင်တန်းကာလ လေးရက်) ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

အသေးစိတ် အချက်အလက်များကို ဖုန်း-၆၅၂၂၈၅ နှင့် ၆၅၂၂၈၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း၊ သင်တန်းသားဦးရေ ၂၀ သာ လက်ခံသင်ကြားမည်ဖြစ်ပြီး မေ ၂၅ ရက် နောက်ဆုံးထား မှတ်ပုံတင်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီဖွဲ့စည်းခြင်းမှ

(ဆ) ဒုတိယဗိုလ်ချုပ်ကြီးကိုကို — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန

(ဇ) ဒုတိယဗိုလ်ချုပ်ကြီးလှမင်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန

(ဈ) ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန

(ည) ဒေါက်တာထွန်းရှင် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်

(ဋ) ဦးမင်းဇော် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး

၃။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီသည် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ လုပ်ငန်းဆောင်ရွက်နိုင်ရေး မူဝါဒချမှတ်ပေးခြင်း၊ ကြီးကြပ်ခြင်းတို့ဆောင်ရွက်ရမည်။

၄။ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များအတွက် လိုအပ်သည့်အချိန်တွင် နိုင်ငံရပ်ခြားအဖွဲ့အစည်းများနှင့် ဆက်ဆံခြင်း၊ ရန်ပုံငွေထူထောင်ခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာကိစ္စများကို လုပ်ထုံးလုပ်နည်းရေးဆွဲ ပြဋ္ဌာန်းဆောင်ရွက်စေရမည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဖွဲ့စည်းခြင်းမှ

(ဇ) ဦးသန်းဌေး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး

(ဈ) ဦးခင်ရီ — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး

(ည) ဦးဝင်းထွန်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး

(ဋ) ဦးခင်မောင်စိုး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး

(ဌ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ — အဖွဲ့ဝင်
- (၁) ဦးလဂျွန်ငန်ဆိုင်း
  ဝန်ကြီးချုပ်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့
- (၂) ဦးခင်မောင်ဦး(ခ)ဦးဘူးရယ်
  ဝန်ကြီးချုပ်၊ ကယားပြည်နယ်အစိုးရအဖွဲ့
- (၃) ဦးဇော်မင်း
  ဝန်ကြီးချုပ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့
- (၄) ဦးဟုန်းငိုင်း
  ဝန်ကြီးချုပ်၊ ချင်းပြည်နယ်အစိုးရအဖွဲ့
- (၅) ဦးသာအေး
  ဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
- (၆) ဦးမြတ်ကို
  ဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
- (၇) ဦးညာဏ်ဝင်း
  ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
- (၈) ဦးအုန်းမြင့်
  ဝန်ကြီးချုပ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့
- (၉) ဦးလှမောင်တင်
  ဝန်ကြီးချုပ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့
- (၁၀) ဦးစဝ်အောင်မြတ်
  ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့

(ဍ) တပ်မတော်မှ တိုင်းမှူးများ — အဖွဲ့ဝင်
- (၁) ဗိုလ်ချုပ်ဇေယျာအောင်
  တိုင်းမှူး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်
- (၂) ဗိုလ်ချုပ်အောင်ကျော်ဇော
  တိုင်းမှူး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်
- (၃) ဗိုလ်ချုပ်စိုးထွဋ်
  တိုင်းမှူး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်
- (၄) ဗိုလ်မှူးချုပ်ထွန်းထွန်းနောင်
  တိုင်းမှူး၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်
- (၅) ဗိုလ်ချုပ်သန်းထွန်းဦး
  တိုင်းမှူး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်
- (၆) ဗိုလ်ချုပ်တင်မောင်ဝင်း
  တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်
- (၇) ဗိုလ်ချုပ်ခင်မောင်ဌေး
  တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်
- (၈) ဗိုလ်မှူးချုပ်ကိုကိုနိုင်
  တိုင်းမှူး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်
- (၉) ဗိုလ်ချုပ်စိုးလွင်
  တိုင်းမှူး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်
- (၁၀) ဗိုလ်မှူးချုပ်ညီစော
  တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်

(ဎ) ဗိုလ်ချုပ်ဇော်ဝင်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး

(ဏ) ဦးထွန်းထွန်းဦး — အဖွဲ့ဝင်
ဒုတိယရှေ့နေချုပ်

(တ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တိုင်းရင်းသားများ — အဖွဲ့ဝင်
- (၁) ဒေါ်ဒွဲဘူ
  ကချင်တိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
- (၂) ဦးစိုးရယ်
  ကယားတိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
- (၃) ဦးစောသိန်းအောင်
  ကရင်တိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
- (၄) ဦးငွန်မောင်
  ချင်းတိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
- (၅) ဒေါ်မိယဉ်ချမ်း
  မွန်တိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
- (၆) ဦးဘရှိန်
  ရခိုင်တိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
- (၇) ဦးစတီဖန်
  ရှမ်းတိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
- (၈) ဦးလှထွန်း
  နာဂတိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
- (၉) ဦးကျော်ဝမ်း
  “ဝ”တိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

(ထ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တိုင်းရင်းသားများ — အဖွဲ့ဝင်
- (၁) ဦးစခုန်တိန့်ယိန်း
  ကချင်တိုင်းရင်းသား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
- (၂) ဦးဆန်းရယ်
  ကယားတိုင်းရင်းသား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
- (၃) ဦးစောထွန်းမြအောင်
  ကရင်တိုင်းရင်းသား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
- (၄) ဦးပေါ်လျံလွင်
  ချင်းတိုင်းရင်းသား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
- (၅) ဦးစောအုန်း
  မွန်တိုင်းရင်းသား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
- (၆) ဦးအုန်းတင်
  ရခိုင်တိုင်းရင်းသား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
- (၇) ဦးစိုင်းကျော်ဇောသန်း
  ရှမ်းတိုင်းရင်းသား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
- (၈) ဦးမြတ်ကို
  နာဂတိုင်းရင်းသားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်
- (၉) ဦးဆိုင်ပေါင်းနပ်
  “ဝ”တိုင်းရင်းသားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်

(ဒ) ဦးတင်မျိုးကြည် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

၂။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီသည် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါတာဝန်များကို ဆောင်ရွက်ရမည်-

(က) **ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးခြင်း**
- (၁) နှစ်ဦးနှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှု ရပ်ဆိုင်းရေး၊
- (၂) နှစ်ဖက်သဘောတူညီမှု ညှိနှိုင်းရရှိထားသည့် သတ်မှတ်နေရာများတွင် နေထိုင်ရေး၊
- (၃) သတ်မှတ်နေရာမှအပ အခြားဒေသသို့ လက်နက်ဖြင့်သွားလာခြင်း မပြုရေး၊
- (၄) ဆက်ဆံရေးစခန်းကို နှစ်ဖက်သဘောတူသော သင့်လျော်သည့်နေရာ၌ လက်နက်မပါထားရှိရေး၊
- (၅) ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဆွေးနွေးရန်အတွက် ကိုယ်စားလှယ်အဖွဲ့ တရားဝင်ဖွဲ့စည်းပေးရန်နှင့် ဆွေးနွေးမည့်အချိန်နှင့် နေရာတို့ကို ညှိနှိုင်းရေး။

(ခ) **ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးခြင်း**
- (၁) ပြည်ထောင်စုအတွင်း အမြဲအတူတကွ ပူးပေါင်းနေထိုင်ရေး၊
- (၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို သဘောတူရေး၊
- (၃) စီးပွားရေးလုပ်ငန်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ နှစ်ဦးနှစ်ဖက်ပူးတွဲ၍ တရားဝင်ဆောင်ရွက်ရေး၊
- (၄) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တိုက်ဖျက်ရေးအား ပူးပေါင်းဆောင်ရွက်ရေး၊
- (၅) ပါတီထူထောင်၍ ရွေးကောက်ပွဲဝင်ရေး၊
- (၆) ဖွဲ့စည်းပုံအခြေခံဥပဒေအား လက်ခံရန်နှင့် ပြင်ဆင်လိုသည့်ကိစ္စများရှိက လွှတ်တော်အတွင်း၌ အများသဘောတူဆန္ဒနှင့်အညီ ဆောင်ရွက်ရေး၊
- (၇) ထာဝရငြိမ်းချမ်းရေးအတွက်ဥပဒေဘောင်အတွင်းသို့ အပြီးအပိုင်ဝင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တန်းတူညီတူနေထိုင်၊ သွားလာ၊ လုပ်ကိုင်၊ စားသောက်ရေး၊
- (၈) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တစ်ခုတည်းသော လက်နက်ကိုင်အဖွဲ့အစည်းအဖြစ် အသွင်ကူးပြောင်းရေးကို ညှိနှိုင်းဆောင်ရွက်ရေး။

၃။ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ၏ဆောင်ရွက်ချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရန်ဖြစ်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဒေသတွင်း စစ်ပွဲပေါ်ပေါက်လာမည့်အရေး ရုရှားဝန်ကြီးချုပ် သတိပေး

စိန့်ပီတာစဘတ် မေ ၁၈

အချုပ်အခြာအာဏာပိုင် နိုင်ငံများ၏ ပြည်တွင်းရေး၌ စစ်ရေးအရ ပါဝင်စွက်ဖက်မှုသည် နျူကလီးယားလက်နက်များပင် အသုံးပြုတိုက်ခိုက်လာနိုင်သည့် ဒေသတွင်း စစ်ပွဲအဖြစ် ဦးတည်သွားနိုင်ကြောင်း ရုရှားဝန်ကြီးချုပ် ဒီမီထရီမက်ဗီဒက်ဗ်က မေ ၁၇ ရက်တွင် သတိပေးပြောကြားခဲ့သည်။

မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်ပိုင်လမ်းကြောင်း ရွေးချယ်နိုင်ခွင့်သည် ကမ္ဘာ့နိုင်ငံများအတွက် တစ်ခုတည်းသော စံနှုန်းဖြစ်ကြောင်း ဆီးရီးယားနိုင်ငံနှင့်အရှေ့အလယ်ပိုင်းဒေသများ၌ ဖြစ်ပေါ်နေသည့် လက်ရှိအခြေအနေများနှင့် ပတ်သက်၍ ဝန်ကြီးချုပ် မက်ဗီဒက်ဗ်က စောင်းပါးရိပ်ခြည်ပြောကြားခဲ့သည်။

နိုင်ငံတကာ ဥပဒေစည်းမျဉ်းများကို ကျော်လွန်၍ ရွေးချယ်ပိတ်ဆို့ဒဏ်ခတ်မှုမျိုးစုံ ကျင့်သုံးခြင်းကြောင့် ကမ္ဘာ့အခြေအနေတိုးတက်မှုမရှိသည့်အပြင် ဖြစ်လာမည့် အကျိုးဆက်များအား ငဲ့ကွက်ခြင်းမရှိဘဲ တစ်ပါးပြည် တွင်းရေး၌ စစ်ရေးအရ စွက်ဖက်မှုများကြောင့် အစွန်းရောက်တစ်ယူသန်ဝါဒီများ အာဏာရလာမှုသာ အဖတ်တင်ကြောင်း ရုရှားဝန်ကြီးချုပ်**(ယာပုံ)**က ဝေဖန်သုံးသပ်ခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို မလေးခန့်ရာရောက်သည့် ယင်းလုပ်ဆောင်ချက်များကြောင့် နျူကလီးယားလက်နက်များ သုံးစွဲတိုက်ခိုက်လာမည့် ဒေသတွင်းစစ်ပွဲ ပေါ်ပေါက်လာဖွယ်ရှိကြောင်း ၎င်းက သတိပေးပြောကြားခဲ့သည်။

ရုရှားဝန်ကြီးချုပ် မက်ဗီဒက်ဗ်သည် မေရီလန်းပြည်နယ် ကမ့်ဒေးဗစ်စခန်း၌ မေ ၁၈ ရက်တွင် ကျင်းပသည့် ဂျီ-၈ ထိပ်သီးညီလာခံအတွင်း အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

အင်တာနက်။

မီးတောင်ပေါက်ကွဲမှုများနှင့် ဆူမားတြားကျွန်း ရင်ဆိုင်ရနိုင်

ဂျကာတာ မေ ၁၈

မြေငလျင်နှင့် ဆူနာမီ ရေလှိုင်းဒဏ်များကို အစောပိုင်းနှစ်ကာလများအတွင်း ရင်ဆိုင်ခံစားခဲ့ရသည့် အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းဒေသသည် အခြားသဘာဝကပ်ဘေးတစ်မျိုးဖြစ်သော မီးတောင်များ ပေါက်ကွဲမှုအန္တရာယ်နှင့် ကြုံတွေ့ရဦးမည့် အလားအလာရှိကြောင်း မေ ၁၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

လွန်ခဲ့သောနှစ်ပေါင်း ၃၅၀၀၀ ကာလအတွင်း ဆူမားတြားကျွန်းဒေသ၌ အင်အားပြင်းထန်သော မီးတောင်ပေါက်ကွဲမှုကြီး ခြောက်ကြိမ် ဖြစ်ပွားခဲ့ဖူးကြောင်း သုတေသနပညာရှင်များ၏ လေ့လာချက်တွင် ဖော်ပြထားသည်။

ဆူမားတြားကျွန်း၏ အတိတ်ခေတ်မီးတောင်ပေါက်ကွဲမှု အများစုသည် ၁၉၈၀ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ်မှ စိန့်ဟယ်လင်မီးတောင်ပေါက်ကွဲမှုနှင့် ပြင်းအားချင်းတူညီရုံမျှမက ပိုလွန်သည့်အခြေအနေလည်းရှိကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ဆူမားတြားကျွန်းဒေသ၌ သက်ဝင်လှုပ်ရှားမှုရှိပြီး ပေါက်ကွဲနိုင်မည့် အလားအလာရှိသော မီးတောင်များတည်ရှိနေပြီး ယင်းတို့အနက် အများအပြားမှာ အစောပိုင်းကာလများက လှုပ်ရှားမှုဖြစ်ပေါ်ခဲ့သည့် အထောက်အထားများ တွေ့ရှိခဲ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

အိန္ဒိယသမုဒ္ဒရာဒေသသည် ပြင်းထန်သော မီးတောင်ပေါက်ကွဲမှုသမိုင်းကြောင်း ရှိခဲ့ဖူးသည့်ဒေသဖြစ်သည်။ ဆူမားတြားကျွန်းနှင့် ဂျာဗားကျွန်းအကြားတည်ရှိသော ကရာကာတိုအာမီးတောင်သည် ၁၈၈၃ ခုနှစ်တွင် ပေါက်ကွဲမှုဖြစ်ခဲ့ရာ အိန္ဒိယသမုဒ္ဒရာဒေသ၏ အပြင်းထန်ဆုံး မီးတောင်ပေါက်ကွဲမှုအဖြစ် သတ်မှတ်ထားသည်။

အင်တာနက်။

လျှပ်စစ်ဓာတ်အား ခြိုးခြံသုံးစွဲရန် ဂျပန်အစိုးရ ပန်ကြား

ကန်စိုင်းအီလက်ထရစ်ကုမ္ပဏီ၏ နျူကလီးယားဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

တိုကျို မေ ၁၈

နျူကလီးယားဓာတ်အားပေးစက်ရုံများ ပိတ်လိုက်သည့်အတွက် လျှပ်စစ်ဓာတ်အား လျော့နည်းမှုနှင့် မီးမှောင်ကျမှုအရေးကို စိုးရိမ်ပူပန်နေကြစဉ် ပြည်သူများ၏ အိုးအိမ်များ၊ စီးပွားရေးလုပ်ငန်းများတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို ၁၅ ရာခိုင်နှုန်း ဖြတ်တောက်ရန် ဂျပန်အစိုးရက မေ ၁၈ ရက်တွင် ပန်ကြားခဲ့သည်။

လေအေးစက်များ သုံးစွဲခြင်းနှင့်အတူ လျှပ်စစ်ဓာတ်အား အသုံးပြုမှုများပြားလာမည့် နွေရာသီသို့ ရောက်ရှိလာချိန်တွင် လျှပ်စစ်ဓာတ် အားပြတ်လပ်မှုပေါ်ပေါက်လာနိုင်ကြောင်း နိုင်ငံ၏ လျှပ်စစ်ဓာတ်အားဝန်ဆောင်မှုလုပ်ငန်းများက သတိပေးထားသည်။

စီးပွားရေးအချက်အချာမြို့ကြီးများဖြစ်သည့် အိုဆာကာ၊ ကိုဘီနှင့် ကျိုတိုမြို့ကြီးများကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည့် ကန်စိုင်းအီလက်ထရစ်ကုမ္ပဏီက ၎င်းတို့သည် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ၁၅ ရာခိုင်နှုန်း လျော့ချမည်ဟု သတိပေးထားကြောင်း၊ အခြားနယ်မြေများမှ လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုလုပ်ငန်းများကလည်း လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေးအတွက် ထပ်ဆင့်ညွှန်ကြားကြမည်ဟု မျှော်လင့်ကြောင်း အစိုးရအဖွဲ့က ပြောသည်။

မြောက်ပိုင်း ဟော့ကိုင်းဒိုးကျွန်းစုနှင့် တောင်ပိုင်းကျူရှူးကျွန်းတို့ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေသည့် ကုမ္ပဏီများကလည်း လိုအပ်ချက်ကို ပြည့်မီသည်အထိ ဖြည့်ဆည်းပေးရန် မတတ်စွမ်းကြောင်း သတိပေးထားသည်။

စီးပွားရေးလုပ်ငန်းများ လည်ပတ်ရာတွင် ဝန်ထုပ်ဝန်ပိုးပိသွားစေနိုင်သဖြင့် မေ ၁၈ ရက်ကြေညာချက်မှာ မဖြစ်မနေ လိုက်နာရမည့် စည်းမျဉ်းမဟုတ်ကြောင်း စီးပွား ရေးဝန်ကြီးက သတင်းထောက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အင်တာနက်။

ပြင်သစ်ဆိုရှယ်လစ်အစိုးရအဖွဲ့၏ လစာခံစားခွင့် ၃၀ ရာခိုင်နှုန်းလျှော့ချမည်

ပါရီ မေ ၁၈

သမ္မတ ဖရန်ဆွာဟော်လန်း ဦးဆောင်သော ပြင်သစ်နိုင်ငံ၏ ဆိုရှယ်လစ်အစိုးရအဖွဲ့သစ်သည် ၎င်းတို့၏လစာခံစားခွင့်များအား ၃၀ ရာခိုင်နှုန်းလျှော့ချသွားမည်ဖြစ်ကြောင်း မေ ၁၇ ရက်သတင်းများတွင် ဖော်ပြသည်။

နိုင်ငံ၏ ကြွေးမြီးပြဿနာနှင့် အလုပ်လက်မဲ့နှုန်း မြင့်တက်လာမှုအား ကိုင်တွယ်ဖြေရှင်းရေးကြိုး ပမ်းမှုများတွင် ပြင်သစ်အစိုးရအဖွဲ့သစ်အနေဖြင့် လစာခံစားခွင့်လျှော့ချခြင်းဖြင့် စံပြလုပ်ဆောင်မည်ဖြစ်ကြောင်း ပြင်သစ်ဝန်ကြီးချုပ် ယန်းမာ့ခ်အေးရော့သ်က ပြောကြားသည်။

မေ ၆ ရက် ပြင်သစ်သမ္မတရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သော သမ္မတဟောင်းနီကိုလပ်ဆာကိုဇီသည် ၂၀၀၇ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ ၎င်းအနိုင်ရခဲ့ပြီး တစ်လအကြာတွင် ၎င်း၏လစာခံစားခွင့်အား ၁၇၀ ရာခိုင်နှုန်းတိုးမြှင့်၍ ယူရိုငွေ ၁၉၀၀၀ အထိရယူခဲ့သည်။

ဆိုရှယ်လစ်အစိုးရအဖွဲ့အသစ်က ပထမဆုံးအကြိမ်ကျင်းပခဲ့သော ဝန်ကြီးအဖွဲ့အစည်းအဝေးတွင် ဥရောပကြွေးမြီးပြဿနာဖြေရှင်းရေးနှင့် နိုင်ငံ၏စီးပွားရေးပြန်လည်တည်ဆောက်မှုဆိုင်ရာ မဟာဗျူဟာအပြောင်းအလဲများကို တွေ့မြင်ရသည်။

ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာများကို ထည့်သွင်းခြင်းမရှိဘဲ စီးပွားရေးပြဿနာများကိုသာ အဓိကထားမည်ဆိုပါက ဥရောပသမဂ္ဂ၏ ဘဏ္ဍာရေးသဘောတူညီချက်စာချုပ်အား ပြင်သစ်နိုင်ငံက အတည်ပြုမည်မဟုတ်ကြောင်း ပြင်သစ်အစိုးရအဖွဲ့သစ်၏ ဘဏ္ဍာရေးဝန်ကြီး ပီယာရီ မော့စကိုဗီစီက ပြောကြားခဲ့သည်။

အင်တာနက်။

ဝက်နားရွက်အတုများ ပေါ်ထွက်မှု တရုတ်ရဲတပ်ဖွဲ့ စုံစမ်းစစ်ဆေး

ပေကျင်း မေ ၁၈

တိရစ္ဆာန်ထွက် အဆီပျစ် (Gelatin) ဖြင့် ပြုလုပ်ထားသော ဝက်နားရွက်အတုများပေါ်ထွက်လာမှုကြောင့် ယင်းကိစ္စနှင့်စပ်လျဉ်း၍ တရုတ်ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေး လျက်ရှိကြောင်း မေ ၁၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စီးပြည်နယ် ကန်ကျိုးမြို့တော်ဈေးတစ်ဈေးအတွင်း မတ်လနှောင်းပိုင်းက ဝက်နားရွက်အတုများအား တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဝက်နားရွက်တုများအား ချက်ပြုတ်ပါက ထူးဆန်းသည့် အနံ့တစ်မျိုး ထွက်ပေါ်လာတတ်သည်ဟု ဝယ်ယူစားသုံးမိသူများက တင်ပြခဲ့ကြောင်း ချိုင်းနားဒေးလီးသတင်းစာက ဖော်ပြသည်။

စမ်းသပ်စစ်ဆေးမှုများအရ ဝက်နားရွက်တုများအား တိရစ္ဆာန်ထွက်အဆီပျစ် (Gelatin) နှင့် ဆပ်ပြာ ထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်းများဖြင့် ရောနှောပြုလုပ်ထားသည်ကို တွေ့ရှိရကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၌ လူကြိုက်များသည့် အစားအစာတစ်မျိုးဖြစ်သော ဝက်နားရွက်ကို အတုအစစ်ခွဲခြားနိုင်မည့်နည်းလမ်းအား ကျွမ်းကျင်သူများက အကြံပြုထားကြောင်း ချိုင်းနားဒေးလီးသတင်းစာက ဖော်ပြသည်။

ဝက်နားရွက်အစစ်တွင် အမွေးအမျှင်နှင့် သွေးကြောမျှင်များပါဝင်ကြောင်း ကျွမ်းကျင်သူများ၏ အ ကြံပြုချက်များအရ သိရသည်။

စားသုံးနေသော အစားအသောက်များ၏ လုံခြုံစိတ်ချရမှုနှင့် ပတ်သက်၍ တရုတ်ပြည်သူများက ပိုမိုသတိထားလာကြသည်နှင့်အမျှ အစားအသောက်လုံခြုံမှုကို မြှင့်တင်သွားရန် တရုတ်အာဏာပိုင်များ ကလည်း ကတိပြုထားသည်။

သို့ရာတွင် ဥပဒေရေးရာအရ အားနည်းမှုနှင့် စီးပွားရေးအရ မသမာမှုများကြောင့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်သေးခြင်း မရှိပေ။

အင်တာနက်။

ဗီယက်နမ်နိုင်ငံ၌ ဘတ်စ်ကားတစ်စီး မြစ်တွင်းထိုးကျ ခရီးသည် ၃၄ ဦး သေဆုံး၍ ၂၁ ဦး ဒဏ်ရာရရှိ

ဟနွိုင်း မေ ၁၈

ဗီယက်နမ်နိုင်ငံအလယ်ပိုင်းတွင် ခရီးသည်အပြည့်ပါရှိသော ဘတ်စ်ကားတစ်စီးသည် မေ ၁၇ ရက်တွင် မြစ်ကမ်းစပ်သို့ ထိုးကျသွားရာ ၃၄ ဦး သေဆုံးပြီး ၂၁ ဦး ဒဏ်ရာရရှိကြောင်း၊ ထိုမတော်တဆမှုသည် လူသေဆုံးမှုအများဆုံးဖြစ်ကြောင်း အေပီသတင်းတစ်ရပ်၌ ဖော်ပြသည်။

အဆိုပါဘတ်စ်ကားသည် မြစ်ကမ်းနဖူးမှ အကာအရံများ ကို ဖြတ်တိုက်ပြီး ၁၈မီတာ (ပေ ၆၀)ခန့်နက်သော ဆီရီပေါ့ မြစ်တွင်းသို့ထိုးကျခဲ့ရာ ကမ်းစပ်၌ တင်နေခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

ယင်းကားသည် ကီလိုမီတာ ၃၅၀ (၂၁၇ မိုင်) ရှိသော ဒတ်လက်ပြည်နယ် အလယ်ပိုင်းမှ စီးပွားရေးအချက်အချာကျရာ နိုင်ငံတောင်ပိုင်း ဟိုချီမင်းမြို့သို့ ပုံမှန်ပြေးဆွဲနေကျဖြစ်သည်။

ယင်းဖြစ်ရပ်တွင် ဘတ်စ်ကားမောင်းသူနှစ်ဦးအပါအဝင် ၃၂ ဦးသေဆုံးပြီး နှစ်ဦးမှာ ဆေးရုံ၌ သေဆုံးခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူ ၂၁ ဦးအနက် ၁၆ ဦးမှာ စိုးရိမ်ဖွယ်အနေအထားရှိကြောင်း ဒတ်လက်ပြည်နယ် အထွေထွေဆေးရုံမှ ဒုတိယညွှန်ကြားရေးမှူးက ပြောကြားသည်။

အဆိုပါဖြစ်ရပ်ကို အာဏာပိုင်များက စုံစမ်းလျက်ရှိသည်။ ဗီယက်နမ်၌ မော်တော်ယာဉ် မတော်တဆဖြစ်ရပ်များကြောင့် နှစ်စဉ် လူ ၁၁၀၀၀ ကျော် သေဆုံးလျက်ရှိသည်ဟု သတင်း၌ ဖော်ပြထားသည်။

ဆင်ဟွာ။

ဂျပန်နှင့် ဩစတြေးလျ လုံခြုံရေးသတင်းများ မျှဝေသုံးစွဲရေးစာချုပ် လက်မှတ်ရေးထိုး

တိုကျို မေ ၁၈

အာရှပစိဖိတ်ဒေသတွင် တရုတ်နိုင်ငံ အင်အားကြီးထွား လာခြင်းကို ထိန်းညှိသည့်အနေဖြင့် ဂျပန်နှင့် ဩစတြေးလျနိုင်ငံတို့သည် ထောက်လှမ်းရေးသတင်းအချက်အလက်များ မျှဝေသုံးစွဲမှုဆိုင်ရာ သဘောတူစာချုပ်တစ်ခုကို မေ ၁၇ ရက်က လက်မှတ်ရေးထိုးခဲ့ကြသည်။

နှစ်နိုင်ငံအကြားလုံခြုံရေးအရ ဆက်ဆံမှုမြှင့်တင်ရန်နှင့် လျှို့ဝှက်သတင်းများကို ကာကွယ်ထိန်းသိမ်းရန် ရည်ရွယ်သည့် အဆိုပါစာချုပ်ကို ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကိုအိချီဂမ်ဘာနှင့် ဩစတြေးလျနိုင်ငံ ခြားရေးဝန်ကြီး ဘော့ကားတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

ဂျပန်နှင့် ဩစတြေးလျနိုင်ငံအကြား လုံခြုံမှုအရ ဆက်ဆံရေးခိုင်မာတောင့်တင်းစေရန် ပိုမိုလိုအပ်လာပြီဖြစ်ကြောင်း ဂမ်ဘာက ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ဂျပန်နှင့် ဩစတြေးလျနိုင်ငံတို့သည် မဟာဗျူဟာမြောက် မိတ်ဆွေနိုင်ငံများဖြစ်ကြသည်ဟု ဂမ်ဘာက ဆိုသည်။

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအတွက် အခြေခံစည်းမျဉ်း များရေးဆွဲရာတွင် ယင်းစာချုပ်သည် အဓိကသော့ချက်တစ်ခုဖြစ်ကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

အင်တာနက်။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲပိတ်ပွဲအစီအစဉ်များ ခမ်းနားစွာကျင်းပနိုင်ရေး နည်းပညာနှင့် စက်ကိရိယာများ ပံ့ပိုးပေးမည့်အခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး

//////////////

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား တရုတ်အားကစား၊ နိုင်ငံတကာ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးကုမ္ပဏီလီမိတက်မှ MR. LU GUOOGUANG နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၈

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား တရုတ်အားကစား၊ နိုင်ငံတကာ စီးပွားရေးနှင့် နည်းပညာပူးပေါင်း ဆောင်ရွက်ရေးကုမ္ပဏီလီမိတက်မှ MR. LU GUOOGUANG ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲပိတ်ပွဲအစီအစဉ်များကို ဒေသတွင်း နိုင်ငံများနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများနည်းတူ စည်ကားသိုက်မြိုက် ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက် လိုအပ်သည့် နည်းပညာနှင့်စက်မှုပစ္စည်းများ ပံ့ပိုးကူညီဆောင်ရွက်နိုင်မည့် အစီအစဉ်များ၊ ဖွင့်ပွဲပိတ်ပွဲအခမ်းအနားများတွင် ပါဝင်ဖျော်ဖြေတင်ဆက်ကြမည့်သူများအား ကျွမ်းကျင်ပညာရှင်များဖြင့် လေ့ကျင့်သင်ကြားပေးမည့် အစီအစဉ်များနှင့် ရုပ်မြင်သံကြားထုတ်လွှင့်မည့် အစီအစဉ်များတွင် လိုအပ်သည့် နည်းပညာများနှင့် စက်ကိရိယာများ ပံ့ပိုးဖြည့်ဆည်းပေးမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဧည့်ဝန်ဆောင်မှု သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် မေ ၁၈

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနက ကြီးကြပ်၍ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်း၏ ဦးဆောင်မှုဖြင့် ဖွင့်လှစ်ခဲ့သည့် ဧည့်ဝန်ဆောင်မှုသင်တန်း အမှတ်စဉ် (၄/၂၀၁၂) သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် သပြေကုန်းဈေးရှိ Golden Hill Restaurant ၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူ သင်တန်းသား တစ်ဦးအား ဂုဏ်ပြုဆုလက်မှတ် **(အပေါ်ပုံ)**နှင့် သင်တန်းနည်းပြတာဝန်ခံ ဦးသိန်းတန်အား ဂုဏ်ပြုဆုလက်ဆောင်ပေးအပ်သည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၁ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျေးရွာချင်းဆက် ချောင်းကူးတံတားသစ်တည်ဆောက်

မော်လူး မေ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာတွင်းရှိ မော်လူးရပ်ကွက်(၆)နှင့် မြို့သစ်ရပ်ကွက်(၂)သို့ ဆက်သွယ်ဆောက်လုပ်သည့် ကိုယ့်အားကိုယ်ကိုး ချောင်းကူးတံတားသစ် **(အပေါ်ပုံ)**ကို မေ ၁၀ ရက် နံနက် ၇ နာရီက စတင်ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

လမ်းအရှည်ပေ ၁၇၀၊ အကျယ် ပေ ၃၀ နှင့် အလျား ၁၈ ပေ၊ အနံ ၁၅ပေ၊ အမြင့် ၅ ပေရှိသည့် ချောင်းကူးသစ်သားတံတားသစ်ကို ရပ်မိရပ်ဖများ၊ ရပ်ကွက်သူ ရပ်ကွက်သားများ လုပ်အားဒါနနှင့် စေတနာရှင် အလှူရှင်များကမတည်၍ တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၉-၅-၂၀၁၂ (စနေနေ့)
[၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက် (အဖိတ်နေ့)]

၇း၀၀	ပရိတ်တရားတော်
၈း၃၀	အဆိုပြိုင်ပွဲ
၁း၀၅	နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာစွမ်းအား" (အပိုင်း-၅)
၂း၅၀	International News
၄း၃၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သမိုင်း၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ စိတ်ပညာ၊ ဒဿနိကဗေဒအထူးပြုများ) (ဒဿနိကဗေဒ)
၅း၂၀	လှပစုံလင်အာဆီယံတစ်ခွင်
၆း၀၀	ညနေခင်းသတင်း
၆း၁၅	မိုးလေဝသအခြေအနေ
၆း၂၀	"ရုပ်မြင်ပြဇာတ်အစီအစဉ်"
၆း၃၅	"အနုပညာရှင်နှင့် ရင်ခုန်စရာညချမ်း" (ငှက်ပျော်ကြော်)
၇း၀၀	**နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချိုချိုကြင်နာပို"** (အပိုင်း-၃၇)
၈း၀၀	ပြည်တွင်းသတင်း -နိုင်ငံတကာသတင်းများ **-ကာတွန်းအစီအစဉ် "ဒိုင်နိုဆောကမ္ဘာ" (ကျီးချိဒိုင်နိုဆောရဲ့ အစာလုပွဲ) -နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာသစ္စာ" (အပိုင်း-၅)** -ဂီတတံခါးလေးဖွင့်ပါဦး

ဟောပြောဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၈

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းက ကြီးမှူး၍ "မြန်မာအမျိုးသမီးတို့နှင့် တိုင်းပြည်စီးပွားရေးကဏ္ဍ" ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဇွန် ၁ ရက်တွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းတည်ထောင်သူ ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲရေးဌာနမှ အငြိမ်းစားပါမောက္ခ ဒေါ်ရီရီမြင့်က ဦးဆောင်ဆွေးနွေးမည်ဖြစ်ပြီး မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ အငြိမ်းစားဆရာ ဆရာမကြီးများနှင့် လူမှုရေး၊ စီးပွားရေးနယ်ပယ်အသီးသီးမှ ပညာရှင်ကြီးများက ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ အသင်းရုံး MWEA Tower အခန်း (၄၀၁) ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့ E-mail-mwea 2008@gmail.com နှင့် ဖုန်း-၀၁-၃၈၉၃၇၆၊ ၂၅၄၄၀၀၊ ၃၈၉၃၈၀ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကချင်ပြည်နယ် မော်ဖောင်း(ငါးအိုး)ကြိုးတံတားဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၁၈

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်အရ တည်ဆောက်ခဲ့သည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မော်ဖောင်း(ငါးအိုး)ကြိုးတံတားကို မေ ၁၇ ရက် နံနက် ၉ နာရီတွင် ဖွင့်လှစ်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါကြိုးတံတားမှာ ပင်မတံတားအရှည်ပေ ၂၆၀၊ ငါးအိုးဘက်ကမ်း ကမ်းကပ်ခုံ ၇၈ ပေ စုစုပေါင်း အရှည် ၃၃၈ ပေနှင့် အကျယ် ခြောက်ပေ၊ အမြင့် ၃၃ ပေရှိပြီး မေတ္တာဖောင်ဒေးရှင်းက အလှူငွေကျပ် သိန်း ၁၀၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ နယ်မြေတာဝန်ခံ ဦးသိန်းဇော်က ငွေကျပ် သိန်း ၅၀၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၆၅ သိန်းနှင့် ပြည်သူလူထုထည့်ဝင်ငွေများအပါအဝင် ငွေကျပ် ၂၈၅ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တံတားဖွင့်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖွင့်ပွဲတွင် ဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာအကအဖွဲ့ခေါင်းဆောင်များနှင့် ခရစ်ယာန်အသင်းတော်မှ တာဝန်ရှိပုဂ္ဂိုလ်တို့အား ငွေကျပ် ၁၀ သိန်းစီ ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် မေ ၁၈

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PVEP OVERSEAS Co., Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-2 တွင် Geophysical နှင့် Geotechnical Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV. DAYANG SARI နှင့် MV.VOLANS တို့ဖြင့် မေ ၂၄ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Geophysical နှင့် Geotechnical Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာတည်နေရာများမှာ Block M-2 (SURVEY AREA) Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၅ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၃ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၉ မိနစ် နှင့် Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၁ မိနစ် အတွင်းတွင် ဖြစ်သည်။

မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-2 တွင် Geophysical နှင့် Geotechnical Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ (သတင်းစဉ်)

မော်လမြိုင်မြို့၌ ပညာရေးငွေပဒေသာပင် လှူဒါန်းခြင်း အခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၈

မြန်မာ့သစ်လုပ်ငန်းမှ အငြိမ်းစားနှင့် တာဝန်ထမ်းဆောင်ဆဲ အရာထမ်းများက မြန်မာ့သစ်လုပ်ငန်း ဝန်ထမ်းများ၏ ကျောင်းနေဆဲ သားသမီးများအတွက် ပညာရေး ငွေပဒေသာပင် ထောက်ပံ့လှူဒါန်းခြင်းအခမ်းအနားကို မေ ၁၇ ရက် နံနက် ၉ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာရုံး၌ ကျင်းပရာ မူလတန်းမှ တက္ကသိုလ်အဆင့်ထိ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၁၂ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် ငွေကျပ် ၂၂ သိန်း ၄ သောင်းကို မြန်မာ့သစ်လုပ်ငန်း အငြိမ်းစားအရာထမ်းများက ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး

အိမ်တွင်းမှုစီးပွားရေးဖြင့် မိသားစုဝင်ငွေတိုးသည့် မကျီးချောက်ကျေးရွာမှ သရက်ချဉ်လုပ်ငန်း

မိတ္ထီလာ မေ ၁၈

မိတ္ထီလာမြို့နှင့် တစ်မိုင်ခန့်ခရီးကွာဝေးပြီး ရန်ကုန်-မန္တလေး ကားလမ်းမ၏ အနောက်ဘက်တွင် တည်ရှိသော မကျီးချောက်ကျေးရွာလေးတွင် မိသားစုဝင်ငွေတိုး အိမ်တွင်းမှုစီးပွားရေး သရက်ချဉ်တည်ခြင်းလုပ်ငန်းမှာ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

"သရက်ချဉ်တည်ဖို့ ကုန်ကြမ်းသရက်သီးကို ဒေသထွက် သရက်သီးထက် ကျောက်ဆည်၊ ဟံမြင့်မိုရ်ဘက်က ဝယ်ယူပါတယ်။ အဲဒီဘက်က သရက်မျိုးတွေက သီးကြောမာပြီး သရက်ချဉ်တည်ဖို့ကောင်းတဲ့ မြဟသ်ာ၊ နတ်တည်၊ မြနှင်းဆီ သရက်သီးမျိုးတွေလည်း အဲဒီဒေသက အထွက်များတယ်။ သရက်ချဉ်တည်ဖို့ အကောင်းဆုံးမျိုးက အဲဒီသရက်မျိုးတွေပဲ။ သူတို့က သီးကြောမာတယ်ဗျ" ဟု မကျီးချောက်ကျေးရွာတွင် အိမ်တွင်းမိသားစုဝင်ငွေတိုး သရက်ချဉ်တည်ခြင်းလုပ်ငန်း လုပ်ကိုင်နေသူ ဦးဘိုကျင်က ဆိုသည်။

သရက်ချဉ်တည်ခြင်းမှာ အသစ်တည်ခြင်း(လတ်တလော ရောင်းချစားသုံးရန်တည်ခြင်း)နှင့် နှစ်ပေါက်(၈ လမှ ၁၁ လ ကာလကျော်အကြာ)အထိ တည်ခြင်း နှစ်မျိုးရှိသော်လည်း အများစုမှာ နှစ်ပေါက်တည်ခြင်းကိုသာ ဆောင်ရွက်ကြောင်း သိရသည်။ "သရက်ချဉ်အသစ်တည်တာက ရက်နှစ်ဆယ်၊ တစ်လလောက်တည်ရင် သရက်ချဉ်ဖော်လို့ရပေမယ့် ဈေးကျတော့ သိပ်မရဘူး။တစ်ပိဿာ ကျပ် ၅၀၀၊ ကျပ် ၆၀၀ လောက်ထိပဲ ဈေးရတယ်။ နှစ်ပေါက်တည်တဲ့ သရက်ချဉ်ကျတော့ ၁၂၀၀ ကနေ ၁၅၀၀၊ ၁၆၀၀ ကျော်အထိ ဈေးကောင်းရတယ်။ ကျပ် ၁၂၀၀ အောက်အထိတော့ သရက်ချဉ်နှစ်ပေါက်တည်သူတွေက ထုတ်ရောင်းလေ့မရှိဘူး။ မိတ္ထီလာဈေးကြီးနဲ့ သဲတော၊ ဝမ်းတွင်း၊သာစည် ဒေသတွေအထိ တင်ပို့ရောင်းချရတယ်" ဟု မကျီးချောက်ကျေးရွာသားတစ်ဦးက ဆိုသည်။

မည်သို့ဆိုစေ မိတ္ထီလာမြို့ မကျီးချောက်ကျေးရွာဒေသခံအများစုမှာ မိသားစုဝင်ငွေတိုး အိမ်တွင်းသရက်ချဉ်တည်ခြင်း တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများဖြင့် မိမိတို့၏ လယ်ယာလုပ်ငန်းများအားလပ်မှုရသည့် အချိန်လေးတွင် ကြိုးစားလုပ်ကိုင်အဆင်ပြေအောင်မြင်လျက်ရှိပါကြောင်း။ (၅၇၉)

ဤသို့ ပျော်ပျော်ပါးပါးဖြင့် မိသားစုဝိုင်းဖွဲ့လျက် သရက်သီးလှီးခြင်းကို ဆောင်ရွက်ကြသည်။

❖ ကျောဖုံးမှ

အမေရိကန်လက်ပစ်ဘောအရွယ်အစားခန့်ရှိပြီး လိပ်ခွံ၏အရွယ်အစားမှာ အလျား ၅ ပေနှင့် ၇ လက်မ ရှည်လျားသည်။

၎င်းလိပ်ကြီးရှင်သန်ကျက်စားခဲ့စဉ်က ၎င်း၏ပတ်ဝန်းကျင်တွင် အကြီးဆုံးသော အသားစားသတ္တဝါကြီးအဖြစ် ဗိုလ်ကျစိုးမိုးခဲ့မည်မှာ သံသယဖြစ်ဖွယ်မရှိကြောင်း၊ သန်မာသော မေးရိုးများက ခရုယောက်သွားများ၊ ၎င်းထက်ငယ်သော လိပ်များအပါအဝင် မိကျောင်းများကိုပင် စားသောက်နိုင်ကြောင်း သုတေသီများက ပြောကြားသည်။

❍ သစ်သီးမှ

အမျှင်များပါဝင်သည့် အစားအစာများသည် အူမကြီးကင်ဆာဖြစ်ပွားမှုကို လျော့ကျစေနိုင်ကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

ဗြိတိန်နိုင်ငံ၏ကင်ဆာကာကွယ်ရေး သီတင်းပတ်အတွင်း လူ ၂၁၂၈ ဦးကို လေ့လာဆန်းစစ်ကြည့်ရာ ဗြိတိန်နိုင်ငံသား ၂၂ ရာခိုင်နှုန်းလောက်သာ တစ်နေ့လျှင်လုံလောက်သော သစ်သီးနှင့်ဟင်းသီးဟင်းရွက်များ စားသုံးကြရကြောင်း ၊ ဝင်ငွေနိမ့်ကျသော အိမ်ထောင်စုများထဲတွင် ၁၇ ရာခိုင်နှုန်းလောက်သာ အဆိုပါ အစားအသောက်ကို စားသုံးကြရကြောင်း၊ အင်္ဂလန်နိုင်ငံမြောက်ပိုင်းသည် သစ်သီးနှင့်ဟင်းသီးဟင်းရွက် စားသုံးမှုအနည်းဆုံးဒေသဖြစ်ကြောင်း၊ ထို့ကြောင့် ထိုဒေသတွင်းရှိ ပြည်သူများမှာ ရောဂါဖြစ်ပွားမှုဒဏ်ကို ခံနိုင်ရည်မရှိကြကြောင်း၊ အင်္ဂလန်နိုင်ငံတောင်ပိုင်းတွင်မူ အသီးအရွက် စားသုံးမှုများပြီး ထိုဒေသရှိပြည်သူ ၂၆ ရာခိုင်နှုန်းမှာ သစ်သီးနှင့်ဟင်းသီးဟင်းရွက်များကို ဝလင်စွာစားသုံးကြကြောင်း ဆိုသည်။

မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေး အဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

မီးသတ်ဦးစီးဌာန

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို အရှိန်ပြင်းပြင်းဖြင့် မောင်းနှင်ပေးတော့မည့် ပြောင်းလဲပြဋ္ဌာန်းလိုက်သော ကုန်သွယ်လုပ်ငန်းခွန် စနစ်သစ်

အခွန်ဝန်ထမ်းတစ်ဦး

စားသုံးသူများထံမှ ကောက်ခံသည့် နိုင်ငံတကာအခွန်စနစ်

နိုင်ငံတကာ၌ စားသုံးသူများထံမှကောက်ခံသည့် အခွန်အမျိုးမျိုးရှိကြပါသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၌ တန်ဖိုးဖြည့်အခွန် (Value Added Tax-VAT) ဟူ၍လည်းကောင်း၊ ထိုင်းနိုင်ငံ၌ ကုန်စည်နှင့်ဝန်ဆောင်မှုခွန် (Goods & Services Tax-GST)ဟူ၍ လည်းကောင်း၊ အိန္ဒိယနိုင်ငံ၌ ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax)ဟူ၍ လည်းကောင်း အမည်အမျိုးမျိုးတို့ဖြင့် ကောက်ခံကြသည်။ ယင်းနိုင်ငံများ၏ အခွန်အမျိုးအစားအမည်များ၊ အခွန်ကောက်ခံသည့်စနစ်များနှင့် အခွန်နှုန်းများ မည်သို့ပင် ကွဲပြားခြားနားစေကာမူ ပေးဆောင်ရမည့် အခွန်များကို စားသုံးသူများထံမှ ကောက်ခံကြသည်ဟူသောအချက်မှာ တူညီမှုရှိကြသည်။ အခွန်ပေးဆောင်ကြရသည့် စားသုံးသူများဟုဆိုရာ၌လည်း ယေဘုယျအားဖြင့် နိုင်ငံသားများအားလုံးတို့နှင့်သက်ဆိုင်နေကြသည်။ သို့ဖြစ်ရာ ယင်းအခွန်အမျိုးအစားများအလိုက် အခွန်နှုန်းများ သတ်မှတ်ခြင်း၊ အခွန်ကောက်ခံမည့် ကုန်စည်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများသတ်မှတ်ခြင်း စသည့်ကိစ္စရပ်များကို နိုင်ငံသားများနှင့် နိုင်ငံသားလုပ်ငန်းရှင်တို့၏ အကျိုးစီးပွားကို ရှေးရှု၍ သတ်မှတ်ဆောင်ရွက်ကြလေ့ရှိသည်။

စားသုံးသူများထံမှကောက်ခံသည့် မြန်မာနိုင်ငံအခွန်စနစ်

အလားတူ မြန်မာနိုင်ငံ၌ပြဋ္ဌာန်းထားသည့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင်လည်း အခွန်ပေးဆောင်ရမည့် ကုန်စည်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ သတ်မှတ်ခြင်း၊ ကုန်စည်အမျိုးအစားများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအလိုက် အခွန်နှုန်းများသတ်မှတ်ခြင်းများမှာ အခွန်ပေးဆောင်ကြရမည့် စားသုံးသူနိုင်ငံသားများအားလုံးတို့၏ အကျိုးစီးပွားကိုရှေးရှု၍ တစ်နည်းအားဖြင့် တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ သတ်မှတ်ထားသည်။ ဥပမာအားဖြင့် ယင်းဥပဒေတွင် စားသုံးသူနိုင်ငံသားများ နေ့စဉ်စားသုံးနေကြသည့် အခြေခံစားကုန်များထုတ်လုပ်ရောင်းချမှုအပေါ် ကုန်သွယ်လုပ်ငန်းခွန် မကောက်ခံခြင်း၊ နိုင်ငံသားများ၏ ကျန်းမာရေးအတွက်သာမက နိုင်ငံသားတစ်ဦးချင်းစီတို့၏ လူမှုရေးနှင့် စီးပွားရေးကိုပါ ထိခိုက်စေတတ်သော စီးကရက်၊ အရက်၊ ဘီယာ၊ ဝိုင်ကဲ့သို့သော ကုန်စည်များအား ပြည်တွင်း၌ ထုတ်လုပ်/ပြည်ပမှတင်သွင်းရောင်းချပါက မြင့်မားသော အခွန်နှုန်းများ သတ်မှတ်ကောက်ခံနေခြင်းတို့မှာ အစိုးရမှအခွန်ငွေကောက်ခံရရှိရေး သက်သက်သာမက တိုင်းပြည်စီးပွားတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေရန်နှင့် နိုင်ငံသားတစ်ဦးချင်းစီတို့၏ ကျန်းမာရေး၊ လူမှုရေးတို့ကိုပါ ထိခိုက်မှုမရှိစေရေးအတွက် ထိန်းချုပ်ရေးကိရိယာတစ်ခုအဖြစ် အသုံးပြုနိုင်ရန် ရည်ရွယ်၍ ကောက်ခံနေခြင်းဖြစ်ကြောင်း ထင်ရှားလှပေသည်။

ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့်ကုန်သွယ်လုပ်ငန်းခွန်စနစ်သစ်

မြန်မာနိုင်ငံ၌ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ၁၉၉၀ ပြည့်နှစ်ကစတင်ပြဋ္ဌာန်းကျင့်သုံးခဲ့သည်။ စတင်ကျင့်သုံးခဲ့စဉ်က ပြဋ္ဌာန်းခဲ့သော အခွန်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များမှာ ခေတ်နှင့်လိုက်လျောမှုမရှိတော့သဖြင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကို ၂၀၁၁ ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေအမှတ်(၃)ဖြင့် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၉ ရက်က အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ပြင်ဆင်အတည်ပြုပြဋ္ဌာန်းခဲ့သော ကုန်သွယ်လုပ်ငန်းခွင် ဥပဒေပုဒ်မ (၆)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခွန်ကျသင့်စေသည့် ဝန်ဆောင်မှုလုပ်ငန်းများ ပြင်ဆင်သတ်မှတ်ခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်/ ပြည်ပမှ တင်သွင်းသောကုန်စည်များအပေါ်၌ အခွန်ကျသင့်သောကုန်သွယ်လုပ်ငန်းခွန်ဥပဒေဇယားပါ ကုန်စည်များနှင့် အခွန်နှုန်းများ ပြင်ဆင်သတ်မှတ်ခြင်းနှင့် အခွန်မကျသင့်စေသည့် ရောင်းရငွေ/ရငွေပမာဏများ ပြင်ဆင်သတ်မှတ်ခြင်းတို့ကို ၂၀၁၂ ခုနှစ် မတ်လ ၁၅ ရက်က အမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။ အသစ်ပြဋ္ဌာန်းလိုက်သည့် ကုန်သွယ်လုပ်ငန်းခွင်ဥပဒေပါ ပြောင်းလဲသတ်မှတ်ပြဋ္ဌာန်းချက်များသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စတင်အကျိုးသက်ရောက်မည်ဖြစ်သည်။

ပြင်ဆင်ပြဋ္ဌာန်းသည့် အခွန်နှုန်းများ

ယခင်ကပြဋ္ဌာန်းခဲ့သော ကုန်သွယ်လုပ်ငန်းခွင်ဥပဒေတွင် ပြည်တွင်း၌ ထုတ်လုပ်သည့် ကုန်စည်/ပြည်ပမှ တင်သွင်းသည့် ကုန်စည်များနှင့်ပတ်သက်၍ အခွန်နှုန်းသတ်မှတ်ချက်များမှာ ယေဘုယျအားဖြင့် အခွန်နှုန်း သုည ရာခိုင်နှုန်း၊ ငါးရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်း၊ ၂၅ ရာခိုင်နှုန်းမှ ၂၀၀ ရာခိုင်နှုန်းအထိ ဇယား ခြောက်ခုဖြင့် ကုန်ပစ္စည်းအမျိုးအစားအလိုက် အခွန်နှုန်းအသီးသီးသတ်မှတ်ထားသည်။ ယခုပြင်ဆင်ပြဋ္ဌာန်းထားသည့် ဥပဒေတွင်မူ ယေဘုယျအားဖြင့် အခြေခံစားသောက်ကုန်၊ ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ပါက အခွန်ကင်းလွတ်ခွင့်ပြုထားပြီး နိုင်ငံသားများ၏ ကျန်းမာရေး၊ လူမှုရေးတို့ကို ထိခိုက်စေသည့် စီးကရက်၊ ဆေးရွက်ကြီး၊ အရက်၊ ဘီယာ၊ ဝိုင် စသည့်ကုန်စည်တို့နှင့် နိုင်ငံတော်၏ သယံဇာတကုန်ကြမ်းများဖြစ်သည့် ကျွန်း/သစ်မာ သစ်လုံးများ၊ ကျောက်မျက်ရတနာများစသည့် ကုန်စည်တို့မှအပ ကျန်ကုန်စည်များအပေါ် ငါးရာခိုင်နှုန်း အခွန်နှုန်းတစ်ခုတည်း (Single Rate) ဖြင့် ကောက်ခံရန် ပြင်ဆင်သတ်မှတ်ထားသည်။ ယခင်က အခွန်ကျသင့်စေသည့် ဝန်ဆောင်မှုလုပ်ငန်း ၁၀ မျိုးအပေါ်တွင် အခွန်နှုန်းသတ်မှတ်ချက်များမှာ ယေဘုယျအားဖြင့် ငါးရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ သတ်မှတ်ကောက်ခံခဲ့သည်။ ယခုပြင်ဆင်ပြဋ္ဌာန်းသည့် ဥပဒေတွင်မူ အခွန်ကျသင့်စေသည့် ဝန်ဆောင်မှုလုပ်ငန်းများ သတ်မှတ်ရာ၌ ဝန်ဆောင်မှု ၁၀ မျိုးအစား ၁၄ မျိုးအထိ တိုးချဲ့သတ်မှတ်ထားသော်လည်း အခွန်နှုန်းသတ်မှတ်ချက်များမှာ ငါးရာခိုင်နှုန်း အခွန်နှုန်းတစ်ခုတည်း (Single Rate) ဖြင့် ကောက်ခံရန် ပြင်ဆင်သတ်မှတ်ထားသည်။

ထူးခြားသည့်ပြင်ဆင်ပြဋ္ဌာန်းချက်များ

ယခုပြင်ဆင်ပြဋ္ဌာန်းသည့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ထူးခြားသော ပြင်ဆင်ပြဋ္ဌာန်းချက်အချို့မှာ နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်သည့်အနေဖြင့် ပြည်တွင်း၌ ထုတ်လုပ်သော အခြေခံစားကုန် ကုန်စည်များအား ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားသော်လည်း ယင်းကုန်စည်များအား ပြည်ပမှ တင်သွင်းမည်ဆိုပါက အခွန်နှုန်း ငါးရာခိုင်နှုန်းဖြင့် ကောက်ခံရန် သတ်မှတ်ထားခြင်း၊ နိုင်ငံသားလုပ်ငန်းရှင်များမှ နိုင်ငံတကာ ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်၏ သယံဇာတ ကုန်ကြမ်းကုန်ပစ္စည်းများမှအပ ကျန်ပြည်ပပို့ကုန်ကုန်စည်များအားလုံးကိုလည်း ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားခြင်း၊ စက်မှုဇုန်များမှ ထုတ်လုပ်ရောင်းချသော ကုန်ချောများ ပြည်တွင်းဈေးကွက်တွင် ပြည်ပမှတင်သွင်းလာသည့် ကုန်ချောများနှင့် ယှဉ်ပြိုင်ရောင်းချနိုင်ရန် အားပေးသည့်အနေဖြင့် ယင်းစက်မှုဇုန်ထုတ် ကုန်ချောပစ္စည်းများကို ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းအစား သုံးရာခိုင်နှုန်းသို့ အခွန်ကျသင့်စေရန် လျှော့ပေါ့သက်သာခွင့်ပြုထားခြင်းတို့မှာလည်း ထူးခြားသော ပြဋ္ဌာန်းချက်များဖြစ်ကြသည်။

အခွန်စနစ်သစ်အရ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်လာစေခြင်း

လက်ရှိ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်အများစုမှာ လယ်ယာထွက်ကုန်များဖြစ်သည့် အခြေခံစားကုန်ပစ္စည်းများသာဖြစ်ကြသည်။ ယခု ပြင်ဆင်ပြဋ္ဌာန်းထားသည့် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပါပြဋ္ဌာန်းချက်များကို ခြုံငုံသုံးသပ်လေ့လာကြည့်မည်ဆိုပါက လယ်ယာထွက်ကုန်၊ အခြေခံစားကုန် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ခြင်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်းတို့အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားခြင်းမှာ ပြည်ပပို့ကုန် ကုန်စည်များထုတ်လုပ်နေကြသည့် တောင်သူလယ်သမားများနှင့် ပြည်ပပို့ကုန်တင်ပို့သူ စီးပွားရေးလုပ်ငန်းရှင်တို့၏ အကျိုးစီးပွားများကို အထောက်အပံ့ပြုစေသည်သာမက ပြည်ပပို့ကုန်ပမာဏ (Trade volume) ပိုမိုတိုးတက်မြင့်မားလာစေမည့် စွမ်းအားများဖြစ်ပေါ်စေမည်ဖြစ်သည်။ ထို့အပြင် ယခင်ကအခွန်နှုန်းအမျိုးမျိုးဖြင့် သတ်မှတ်ကောက်ခံနေသည့် အခွန်စနစ်မှ အခွန်နှုန်းတစ်မျိုးတည်း (Single Rate)စနစ်ဖြင့် သတ်မှတ်ကောက်ခံခြင်းနှင့် စက်မှုဇုန်ထုတ် ကုန်ချောများကို သက်သာသောအခွန်နှုန်းများဖြင့် သတ်မှတ်ကောက်ခံခြင်းတို့ကြောင့် နိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်များ၏ အကျိုးစီးပွားများကိုလည်း အထောက်အကူပြုစေတော့မည်ဖြစ်သည်။ သို့ဖြစ်ရာ ပြုပြင်ပြဋ္ဌာန်းလိုက်သည့် ကုန်သွယ်လုပ်ငန်းခွန် စနစ်သစ်အရ မြန်မာနိုင်ငံ၏ လူထု လူတန်းစားအများဆုံးဖြစ်သော တောင်သူလယ်သမားများနှင့်အတူ နိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်အားလုံးတို့၏ တစ်ဦးချင်းဝင်ငွေများ တိုးတက်လာစေခြင်း၊ ပြည်ပပို့ကုန် (Trade volume)များ ပိုမိုတိုးတက် မြင့်မားလာစေခြင်း စသည့် အကြောင်းတရားများကို အခြေခံ၍ တိုင်းပြည်စီးပွားဖွံ့ဖြိုးမှုများမှာလည်း အလိုအလျောက် အရှိန်အဟုန်ဖြင့် အမြန်ဆုံးပြောင်းလဲတိုးတက်လာတော့မည်မှာ မြေကြီးလက်ခတ်မလွဲ ဧကန်မုချပင်ဖြစ်ပေတော့သည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာစေဖို့ အခွန်ဥပဒေနှင့်အညီ အခွန်ပေးဆောင်စို့

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပြဋ္ဌာန်း ကောက်ခံရခြင်း၏ရည်ရွယ်ချက်မှာ နိုင်ငံတော်အစိုးရမှ အခွန်ဘဏ္ဍာငွေရရုံသက်သက်သာမက နိုင်ငံသားတို့၏ စီးပွားရေးလုပ်ငန်းများကို ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် နိုင်ငံသားတစ်ဦးချင်းစီ၏ ကျန်းမာရေး၊ လူမှုရေးတို့ကို မထိခိုက်စေဘဲ အပိုအသုံးစရိတ်ငွေများ လျှော့ချနိုင်ရေးအတွက် ထိန်းချုပ်ရေးကိရိယာတစ်ခုအဖြစ် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြဋ္ဌာန်း၍အခွန်ကောက်ခံနေခြင်းဖြစ်ကြောင်း သိရှိထားကြပြီးဖြစ်သည်။ သို့ရာတွင် ကုန်စည်ထုတ်လုပ်သည့် လုပ်ငန်းရှင်များမှ ထုတ်လုပ်သည့် ကုန်စည်များအပေါ် မှန်မှန်ကန်ကန် အခွန်ငွေများ ထည့်သွင်းကောက်ခံ၍ ထုတ်လုပ်ရောင်းချမှုမပြုကြခြင်း၊ စားသောက်ဆိုင်များနှင့် အခြား ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်နေကြသည့် စီးပွားရေးလုပ်ငန်းရှင်များမှလည်း ရောင်းရငွေများတွင် အခွန်ငွေများ ထည့်သွင်းကောက်ခံမှုမပြုကြခြင်းနှင့် ထည့်သွင်းကောက်ခံကြသော်လည်း စားသုံးသူ၊ ပြည်သူလူထုတို့မှ အခွန်ပေးဆောင်ရန် ငြင်းဆန်နေကြမည်ဆိုပါလျှင် ရသင့်ရထိုက်သည့် အခွန်ငွေများအပြည့်အဝကောက်ခံမရနိုင်သည့်အပြင် မူလအခွန်ဥပဒေ၏ ရည်မှန်းချက်များကိုပါ ပျောက်ပျက်ဆုံးရှုံးနစ်နာစေခြင်းတို့ကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း အဟန့်အတားဖြစ်စေတတ်ပါသည်။ **ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကုန်စည်နှင့်ဝန်ဆောင်မှု ဝယ်ယူစားသုံးပါက ပြေစာများဖြင့် ရောင်းရငွေနှင့်အတူ တစ်ပါတည်းထည့်သွင်း ကောက်ခံသည့် အခွန်ငွေများကို စားသုံးသူများမှ ကျေကျေနပ်နပ်ပေးဆောင်နေကြကြောင်း ယင်းတိုင်းပြည်များသို့ ရောက်ဖူးသူတိုင်း အသိပင်ဖြစ်သည်။** ယနေ့အချိန်အခါတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ၌ **တရားဥပဒေစိုးမိုးရေး**မှာ အထူးအရေးပါကြောင်း၊ **တရားဥပဒေစိုးမိုးမှုမရှိပါက** အစိုးရမှ မည်မျှပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပေးနေစေကာမူ ပြောင်းလဲလိုက်သည့် အားသာချက်များကို နိုင်ငံသားများက ရယူခံစားနိုင်ခြင်း မရှိနိုင်ဟုဆိုသည့် စကားသံများမှာ ပြည်သူများအကြား လတ်တလောကျယ်ကျယ်လောင်လောင်ပြောဆိုနေကြပြီဖြစ်သည်။ စာရေးသူအနေဖြင့် အချုပ်အားဖြင့် တင်ပြရမည်ဆိုပါက အစိုးရမှ ပြုပြင်ပြောင်းလဲပြဋ္ဌာန်းလိုက်သည့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပါ အားသာချက်များကို နိုင်ငံသားများအားလုံးမှ လက်တွေ့ရယူခံစားနိုင်ကြပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာစေဖို့ **ဥပဒေနှင့်အညီ အခွန်ပေးဆောင်ကြပါစို့**လို့ပင် တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။ ။

ကြက်ခြေနီ အခြေခံရှေးဦးပြုစုခြင်း သင်တန်းဖွင့်

ရေစကြို မေ ၁၈

မိမိဒေသ၊ မိမိကျေးရွာ ဘာသာရေး၊ သာသနာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ဖွံ့ဖြိုးမှုအကျိုးများနှင့်အတူ မိမိကျေးရွာ၏ ကျန်းမာရေးကို ပိုမိုမြှင့်တင်နိုင်ရန် ရည်ရွယ်၍ ကြက်ခြေနီအခြေခံ ရှေးဦးပြုစုခြင်းသင်တန်းဖွင့်ပွဲကို မေ ၁၆ ရက် နံနက်က ရေစကြိုမြို့နယ် ဆင်ချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား ရဲအုပ်သန်းထွန်းရီ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်သင်း၊ ရပ်မိ ရပ်ဖ ဦးအောင်စီတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်ကြက်ခြေနီတပ်ရင်း ဒုတိယတပ်ရင်းမှူး ကျော်ကျော်ခိုင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် သင်တန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား ၄၄ ဦးနှင့် သင်တန်းသူ ၅၅ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။ (၃၇၄)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဖိစနု ဆုဝဏ္ဏချုတ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

၂၀၁၂ ခုနှစ် မေလ ၂၂ ရက်

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့

အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ

နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး ဆွေးနွေး

နေပြည်တော် မေ ၁၈

မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဖိစနု ဆုဝဏ္ဏချုတ်နှင့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံ၍ မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်သွားရေး၊ မြန်မာ-ထိုင်း ကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးကျင်းပ၍ နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ဆောင်ရွက်သွားရေး၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းအကောင်အထည်ဖော်ရေး၊ နှစ်နိုင်ငံနယ်စပ် ဝင်ထွက်ပေါက်များ တိုးချဲ့ဖွင့်လှစ်ရာတွင် နှစ်နိုင်ငံ အစိုးရဌာနများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအထောက်အကူပြုသော နှစ်နိုင်ငံအကြား ငွေကြေးစီးဆင်းလည်ပတ်နိုင်ရေးအတွက် ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးရေးကိစ္စများကို ဆွေးနွေးကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးအား အမေရိကန်ကုန်သည်ကြီးများအသင်းမှ အာရှရေးရာ ဒုတိယဥက္ကဋ္ဌ Ms. Tami Overby နှင့် အဖွဲ့သည် နံနက် ၁၀ နာရီခွဲတွင် လာရောက်တွေ့ဆုံ၍ အမေရိကန် စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသည့် အခြေအနေများ၊ မြန်မာလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ အမေရိကန်-မြန်မာ စီးပွားရေးလုပ်ငန်းကောင်စီ ဖွဲ့စည်းလိုသည့်အခြေအနေများ၊ စီးပွားရေးဖိုရမ်များ ကျင်းပသွားလိုသည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲများသို့ ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၁၈

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးနှင့် အာရှနှင့်ပစိဖိတ်ဒေသ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ဆိုင်ရာ အထူးကိုယ်စားလှယ် Dr. Nafis Sadik နှင့်အဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် လူမှုဖူလုံရေးအဖွဲ့ အထွေထွေမန်နေဂျာတို့ တက်ရောက်ကြပြီး အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့က ဆောင်ရွက်လျက်ရှိသော HIV/AIDS ဆိုင်ရာ ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးရေး လုပ်ငန်းများ၊ လူမှုဖူလုံရေးအဖွဲ့ ဥပဒေအသစ်နှင့် အကျိုးသက်ရောက်မှုအခြေအနေများ၊ လူကုန်ကူးခံရသူများနှင့် HIV/AIDS ဝေဒနာသည်ကလေးသူငယ်များအား စောင့်ရှောက်ပေးမှုအခြေအနေများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြည်သူလူထု ဗဟိုပြုမဟာဗျူဟာအရ အနာဂတ်ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံကိန်းများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၃)ကြိမ်မြောက် အာဆီယံ သိပ္ပံနှင့်နည်းပညာကော်မတီ အစည်းအဝေး နောက်ဆုံးနေ့ ကျင်းပ

နေပြည်တော် မေ ၁၈

(၆၃)ကြိမ်မြောက် အာဆီယံ သိပ္ပံနှင့်နည်းပညာကော်မတီ အစည်းအဝေးကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) အစည်းအဝေးခန်းမ၌ နောက်ဆုံးနေ့အဖြစ် ယနေ့ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ အီးယူ၊ ဂျပန်နှင့် အမေရိကန်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံ-တရုတ်၊ အာဆီယံ-အီးယူ၊ အာဆီယံ-ဂျပန်နှင့် အာဆီယံ-အမေရိကန် ကိုယ်စားလှယ်များက သိပ္ပံနှင့်နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အတည်ပြုဆုံးဖြတ်ချမှတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၃)ကြိမ်မြောက် အာဆီယံ သိပ္ပံနှင့်နည်းပညာကော်မတီ အစည်းအဝေး မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

နေရာလိုက်တန်ဖိုး

"တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ်၊ ကိုး"

အရေအတွက်ကိုပြဆိုသည့် ကိန်းဂဏန်းများဖြစ်ကြသည်။ ကိန်းဂဏန်းတစ်ခုချင်းအလိုက် သတ်မှတ်တန်ဖိုးများ ရှိနေပြီးဖြစ်ပါသည်။ ထိုကိန်းတစ်ခုချင်းအလိုက် သတ်မှတ်တန်ဖိုးများသည် နေရာလိုက်၍ တန်ဖိုးများပြောင်းလဲသွားလေတော့၏။

'ခု၊ ဆယ်၊ ရာ၊ ထောင်၊ သောင်း၊ သိန်း၊ သန်း၊ ကုဋေ'

ကျွန်တော် သူငယ်တန်းတုန်းက စတင်ကျွမ်းဝင်ခဲ့ရသည်။ ကျွန်တော်တို့ ဆရာကြီး ဦးသာအေးကဆိုပေးသည်။ ကျွန်တော်တို့က လိုက်ပြီးရွတ်ဆိုကြရ၏။ ဆရာကြီးဦးသာအေးက သင်ကြားနည်းပရိယာယ်ကြွယ်လှသည်။ ကျွန်တော်တို့ သူငယ်တန်းကလေးများ 'ခု၊ ဆယ်၊ ရာ၊ ထောင်၊ သောင်း၊ သိန်း၊ သန်း၊ ကုဋေ' စာသားလေးကို အစီအစဉ်တကျအလွတ်ရအောင် သင်ကြားပေးရာ၌ "လှူပြည်မှာ မောင်သောင်း ဘိန်းစားလို့သေ၊ ခုဆယ်ရာထောင်သောင်း သိန်းသန်းကုဋေ" ဟူသော ကာရန်နဘေဖြင့် ရွတ်ဆိုစေခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့ကလည်း ကာရန်နဘေဖြင့် ရွတ်ဆိုရသည်ကို အလွန်သဘောကျသည်။ ထပ်ကာထပ်ကာရွတ်ဆိုကြ၏။ ရွတ်ဆိုရဖန်များလာသောအခါ 'ခု၊ ဆယ်၊ ရာ၊ ထောင်၊ သောင်း၊ သိန်း၊ သန်း၊ ကုဋေ'ဆိုသော စာသားလေးကို အစီအစဉ်တကျအလွတ်ရနေတော့သည်။

ထိုသို့အလွတ်ရနေချိန်သည် သူငယ်တန်းကလေးဘဝကျောင်းနေခါစဖြစ်သည်။ 'ခုဆယ်ရာထောင်သောင်းသိန်းသန်းကုဋေ'၏အဓိပ္ပာယ်ကို နားမလည်နိုင်သေးပေ။ ဂဏန်းသင်္ချာကို စတင်သင်ယူရသည့်အခါမှ 'ခုဆယ်ရာထောင်သောင်းသိန်းသန်းကုဋေ'သည် ဂဏန်းသင်္ချာ၌တန်ဖိုးပြနေရာများဖြစ်ကြောင်း သိခဲ့ရသည်။

'ကိန်းတစ်ခုရဲ့တန်ဖိုးက နေရာလိုက်ပြီးပြောင်းလဲသွားတယ်။ တစ်ဆိုပါတော့ကွာ။ အဲဒီတစ်က ခုနေရာမှာပဲရှိနေရင် တစ်ခုလို့ပဲတန်ဖိုးရှိတယ်။ အဲဒီတစ်က ဆယ်နေရာရောက်သွားတော့တစ်ဆယ်၊ ရာနေရာရောက်သွားရင် တစ်ရာ၊ ထောင်နေရာမှာရှိနေရင် တစ်ထောင်စသဖြင့်ပေါ့ကွာ။ နေရာလိုက်ပြီး တန်ဖိုးက ပြောင်းလဲသွားတာပါပဲ။ တစ်ဆိုတာကတော့ အတူတူပါပဲလေ။ ဒါပေမယ့် တစ်ချင်းတူနေပေမယ့် နေရာချင်းမတူရင် တန်ဖိုးချင်းမတူဘူး။ နေရာမြင့်လေ တန်ဖိုးမြင့်လေပဲဆိုတာကို စွဲစွဲမြဲမြဲ မှတ်ထားကြပါ'

ဂဏန်းသင်္ချာစတင်သင်ယူခဲ့ရစဉ်၌ ကျွန်တော့်ဆရာကြီး ဦးသာအေးက နေရာလိုက်တန်ဖိုးအကြောင်းကို ရှင်းပြသည်။ ယနေ့ထိတိုင်အောင် မှတ်မိနေသောစကား ဖြစ်ပါသည်။ ဆရာကြီးမှာကြားခဲ့သည့်အတိုင်း စွဲစွဲမြဲမြဲလည်းမှတ်ထားပါသည်။

ကျွန်တော့်ဆရာကြီး ရှင်းပြသင်ကြားပေးလိုက်သော နေရာလိုက်တန်ဖိုးသည် ကျောင်းသားဘဝတစ်လျှောက်လုံး ဂဏန်းသင်္ချာပုစ္ဆာများကို တွက်ချက်ရာ၌ အရေးပါခဲ့၏။ ကျောင်းမှထွက်၍ လူမှုနယ်ပယ်ထဲသို့ ကျင်လည်ရသည့်အခါ၌ ဘဝပုစ္ဆာများကို အဖြေထုတ်ပေးနိုင်မှသာ အလှတွေဆင့်၍ ဘဝအနေမြင့်မည်ဖြစ်ပါသည်။ ဘဝပုစ္ဆာများကို တွက်ချက်အဖြေထုတ်ရာ၌ သူငယ်တန်းကလေးဘဝကတည်းက နာယူမှတ်သားခဲ့ရသော နေရာလိုက်တန်ဖိုးကို မေ့လျော့နေ၍ မရပါပေ။

'လူဆိုတာ ပခုံးနှစ်ဖက်ကြားမှာ ခေါင်းပါတဲ့သူချည်းပဲ။ သူလည်းလူ၊ ငါလည်းလူ၊ လူလူချင်းအတူတူပဲ'

တချို့က လူလူချင်းအတူတူပါပဲဟု တန်းညှိကြသည်။ လူလူချင်းတူပေမယ့် တစ်ဦးနှင့်တစ်ဦး ရယူပိုင်ဆိုင်နေရသည့် ဘဝချင်းမတူညီသည်ကို သတိမူကြရမည် ဖြစ်ပါသည်။

တချို့ဘဝက မြင့်သည်။

တချို့ဘဝက သင့်သည်။

တချို့ဘဝက ခမ်းနားသည်။

တချို့ဘဝက နွမ်းပါးသည်။

တချို့ဘဝက တော်သည်။

တချို့ဘဝက ရှော်သည်။

တချို့ဘဝက ခန့်သည်။

တချို့ဘဝက ညံ့သည်။

မတူညီတစ်မူစီကွဲပြားနေသော လူ့ဘဝမျိုးစုံကို တွေ့မြင်နိုင်ပါသည်။ ထိုသို့ ဖြစ်နေရခြင်းသည် နေရာလိုက်၍ တန်ဖိုးပြောင်းလဲနေခြင်းပင်ဖြစ်ပေသည်။

'ခမ်းနားတဲ့ဘဝနဲ့ နွမ်းပါးတဲ့ဘဝမှာ ဘယ်ဘဝမျိုးကို ရယူပိုင်ဆိုင်ချင်သလဲ'

ထိုသို့ မေးကြည့်ပါက နွမ်းပါးသောဘဝမျိုးကိုရယူပိုင်ဆိုင်လိုသူ ရှိမည်မဟုတ်ပေ။ ခမ်းနားသောဘဝမျိုးကိုသာ ရယူပိုင်ဆိုင်လိုကြမည်ဖြစ်သည်။ မိမိရယူပိုင်ဆိုင်လိုသော ဘဝမျိုးကို လွယ်လင့်တကူ အလိုအလျောက်ရရှိနိုင်မည်မဟုတ်ကြောင်း နှလုံးသွင်းရန် အရေးကြီးလှသည်။ မိမိ၏ အရည်အသွေးက မိမိ၏ ဘဝကိုတည်ဆောက်ပေးနေခြင်းဖြစ်သည်။ အရည်အသွေးမြင့်မှ ဘဝမြင့်မည်ဖြစ်သည်။ မြင့်သည့်ဘဝ၊ နိမ့်သည့်ဘဝဟူသည်ကား သတ်မှတ်ချက်နေရာများ ဖြစ်ပေသည်။ မြင့်သည့်ဘဝကိုရယူလိုလျှင် မြင့်သည့်နေရာသို့ရောက်ရှိနေရမည် ဖြစ်သည်။ မြင့်သည့်နေရာမရောက်ဘဲနှင့် မြင့်သည့်ဘဝကိုရယူပိုင်ဆိုင်ခွင့်မရှိနိုင်ပေ။ မြင့်သည့်ဘဝကို ရယူပိုင်ဆိုင်လိုသူတိုင်းက မြင့်သည့်နေရာသို့ရောက်အောင် တက်လှမ်းကြရပေမည်။

မျိုးတူကိန်းဂဏန်းတို့၏ မူလတန်ဖိုးသည် တူညီနေကြသည်။ တန်ဖိုးပြနေရာပြောင်းလဲသွားသောကြောင့် မူလတန်ဖိုးထက် ပြောင်းလဲသွားခြင်းဖြစ်သည်။ လူတို့၌လည်း လူဟူသော မူလလူ့တန်ဖိုးချင်းက အတူတူပင်ဖြစ်ပါသည်။ လူဟူသောမူလလူ့တန်ဖိုးထက် ပြောင်းလဲမြင့်တက်သွားခြင်း၊ ပြောင်းလဲနိမ့်ကျသွားခြင်းသည် လူ့ဘဝ၊ လူ့ဂုဏ်ရည် တန်ဖိုးပြနေရာပြောင်းလဲသွားသောကြောင့် ဖြစ်ပေသည်။ လူတစ်ဦးချင်းစီ၏ လူ့ဂုဏ်ရည်ကိုတန်ဖိုးပြနေရာက ဖော်ညွှန်းပေးနေပါသည်။ မိမိ၏ တန်ဖိုးပြနေရာကိုလည်း မိမိကိုယ်တိုင်တည်ဆောက်ထားခြင်း မဟုတ်ပါလော။

ရေနံ့သာမောင်ကျော်ညွန့်

လှည်းတန်း ခုံးကျော်တံတား

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ကမာရွတ်မြို့နယ်ရှိ လှည်းတန်းခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း သင်္ဃန်းကျွန်းမြို့နယ်ရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ အားကစားကွင်း တိုးချဲ့တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

❖ **ဒုတိယသမ္မတမှ**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မွန်းလွဲ ၁ နာရီတွင် ကမာရွတ်မြို့နယ် သထုံလမ်းရှိ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်များ တင်းနစ်ကွင်းများကို ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေး အကြံပေးပုဂ္ဂိုလ် ဒေါက်တာဦးမြင့်၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းတို့က တင်းနစ်ကွင်းများ ပြန်လည်ပြင်ဆင်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီခွဲတွင် ကမာရွတ်မြို့နယ်ရှိ လှည်းတန်းခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်း ယာယီရှင်းလင်းဆောင်၌ လှည်းတန်းခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က လှည်းတန်းလမ်းဆုံ၌ ယာဉ်ကြောပိတ်ဆို့မှုအခြေအနေ၊ လှည်းတန်းခုံးကျော်တံတား တည်ဆောက်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများ၊ ပြီးစီးနိုင်မည့် အချိန်ကာလတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက် အမှုဆောင်အရာရှိချုပ် ဦးအောင်ဇော်နိုင်က ရေနုတ်မြောင်းများ တူးဖော်ပြီးစီးမှု၊ လမ်းတိုးချဲ့ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ မြေအောက်လျှပ်စစ်ဓာတ်ကြိုး၊ ဆက်သွယ်ရေးကြိုး၊ ရေပိုက်လိုင်းများ တူးဖော်ပြောင်းရွှေ့ခြင်းလုပ်ငန်းပြီးစီးမှု၊ ရေမြောင်းသစ်ဖောက်လုပ်ပြီးစီးမှုနှင့် လမ်းတိုးချဲ့ခြင်းလုပ်ငန်းများ ပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ရွှေဂုံတိုင်လမ်းဆုံ၊ တာမွေလမ်းဆုံနှင့် ဘုရင့်နောင်လမ်းဆုံတိုးချဲ့ခြင်း လုပ်ငန်းများ၊ ယာဉ်ပိတ်ဆို့မှုလျှော့ချရေး ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက အစိုးရသစ်လက်ထက်တွင် ယင်းစီမံကိန်းများကို ပြည့်စုံကောင်းမွန်စွာဖြင့် ပြီးစီး

မြန်မာ့ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရန်ထိန်းသိမ်း

ငွေးအောင်(ကြေးမုံ)

ဗုဒ္ဓဟောကြားတော်မူခဲ့သော သတ္တဝါတို့ရဲ့ အသက်ရှင်ကြောင်းတရားလေးပါးထဲမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ လေးပါး ပါရှိပါတယ်။ ဥတု(ရာသီဥတု)ဟာ သက်ရှိလောကသားများ အသက်ရှင်ရပ်တည်နိုင်ဖို့အတွက် အထူးအရေးကြီးတာကို လူသားအားလုံး အသိပင်ဖြစ်ပါတယ်။ ယနေ့ကာလဟာ ကမ္ဘာပေါ်မှာ ရာသီဥတုဖောက်ပြန်လို့ သဘာဝဘေးဒဏ်တွေကို နိုင်ငံတိုင်းလိုလို တွေ့ကြုံခံစားနေကြရတာ အားလုံးကြားသိ၊ မြင်သိရုံမျှမက ကိုယ်တိုင်ခံစားနေရတာဟာ ငြင်းဆိုဖွယ်ရာမရှိပါ။

ဒါကြောင့် လက်ရှိ လူသားအားလုံးက ကောင်းမွန်မျှတတဲ့ ရာသီဥတု ပိုင်ဆိုင်လိုသူတိုင်း သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုများကို ထိန်းသိမ်းစောင့်ရှောက်ကြရတော့မည်ဖြစ်သလို လက်ရှိ အခြေအနေထက် ရာသီဥတု ဆိုးရွားစွာ မဖောက်ပြန်နိုင်ရေးအတွက် သက်ရှိလူသားများအားလုံး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကြရမှာဖြစ်ပါတယ်။ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ဖို့ ဆောင်ရွက်လျက်ရှိတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ NGO များ၊ ပြည်ပမှ လာရောက်၍ နည်းပညာ၊ ငွေကြေး၊ လူ့စွမ်းအားတို့ဖြင့် ထောက်ပံ့ကူညီနေသော အဖွဲ့အစည်းများနဲ့ ပူးပေါင်းကာ ဆောင်ရွက်သင့်တဲ့ အချိန်ကာလ ရောက်ရှိနေပြီလို့ ထင်မြင်မိပါတယ်။ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)ရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို ဗဟုသုတအလို့ငှာ တင်ပြရလျှင်။

မေး။ ။ အစ်ကိုတို့ WCS ကို စတင်တည်ထောင်ခဲ့တဲ့ခုနှစ်က ရည်ရွယ်ချက်တွေကို ဦးစွာသိချင်ပါတယ်။

ဖြေ။ ။ ကျွန်တော်တို့အဖွဲ့ကို ပထမ The New York Zoological Society ဆိုတဲ့အမည်နဲ့ ၁၈၉၅ ခုနှစ် ဧပြီလ ၂ ရက်နေ့မှာ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့မှာ စတင်ဖွဲ့စည်းပြီးတော့ ၁၉၉၃ ခုနှစ်ကျတော့မှ Wildlife Conservation Society (WCS)လို့ ပြောင်းလဲခေါ်ဆိုခဲ့ပါတယ်။ ရည်ရွယ်ချက်တွေကတော့ ပြည်သူတွေကို တောရိုင်းတိရစ္ဆာန်များပြသဖို့နဲ့ တောရိုင်းတိရစ္ဆာန်များအကြောင်းကို အသိပညာပေးဆောင်ရွက်နိုင်ရန်ဖြစ်ပါတယ်။ တစ်ဖက်တစ်လမ်းက အထောက်အကူပြုတာတော့ သိပ္ပံဆိုင်ရာ လေ့လာမှုပြုလိုသူများအတွက် သုတေသနလုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်းပါပဲ။ အဓိကတော့ တောရိုင်းတိရစ္ဆာန်တွေကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့အတွက် ဖြစ်ပါတယ်။

မေး။ ။ အခု အစ်ကိုတို့အဖွဲ့ ဘယ်နိုင်ငံတွေမှာ ဆောင်ရွက်နေပါသလဲ၊ လူအင်အားအနေနဲ့ ဘယ်လောက်ဖြန့်ကြက် လုပ်ဆောင်နေတယ်ဆိုတာ ရှင်းပြပါဦးခင်ဗျာ။

ဖြေ။ ။ ကျွန်တော်တို့ WCS အဖွဲ့ဟာ မြန်မာနိုင်ငံအပါအဝင်အာရှ၊ အာဖရိက၊ အမေရိကတိုက်ရှိ နိုင်ငံပေါင်း ၅၁ နိုင်ငံမှာ သားငှက်ထိန်းသိမ်းရေးစီမံကိန်းပေါင်း ၃၈၀ ကျော်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

မေး။ ။ မြန်မာနိုင်ငံကို WCS အဖွဲ့ ဘယ်ကာလလောက်က ရောက်ရှိခဲ့ပါသလဲ။

ဖြေ။ ။ ၁၉၉၃ ခုနှစ်အတွင်းမှာ WCS ဌာနချုပ် အာရှဒေသသိပ္ပံဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်တာအဲလန်ရာဘင်နိုဝစ်ဇ်နှင့်အဖွဲ့ မြန်မာနိုင်ငံကို လာရောက်ပြီးတော့ သစ်တောရေးရာဝန်ကြီးဌာန (ယခု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန) သစ်တောဦးစီးဌာနက တာဝန်ရှိသူတွေနဲ့ တွေ့ဆုံကာ မြန်မာနိုင်ငံအတွင်းမှာ သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မယ့် အလားအလာများကို ဆွေးနွေးပြီး ၁၉၉၃ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့မှာ သစ်တောဦးစီးဌာနနဲ့ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) တို့ဟာ နားလည်မှုစာချွန်လွှာ (MoU) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကာ သဘောတူညီချက်များအတိုင်း သစ်တောဦးစီးဌာနလက်အောက်မှာရှိတဲ့ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနနဲ့ ပူးပေါင်းပြီး မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ သားငှက်တိရစ္ဆာန်များ၊ ယင်းတို့မှီခိုကျက်စားရာ သဘာဝနယ်မြေများ ရေရှည်တည်တံ့နေစေဖို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

မေး။ ။ ကျွန်တော်တစ်ခုထပ်ပြီး သိချင်တာကတော့ မြန်မာနိုင်ငံအတွင်းမှာ သားငှက်ထိန်းသိမ်းရေးလုပ်ငန်းတွေ ဘယ်လိုဆောင်ရွက်နေပါသလဲခင်ဗျာ။

ဖြေ။ ။ WCS အနေနဲ့ သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်များ ထိန်းသိမ်းရေးဌာနနဲ့ ပူးပေါင်းပြီး ဝန်ထမ်းများကို လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာဖို့အတွက် သင်တန်းများ ဖွင့်လှစ်ပို့ချပေးကာ တက္ကသိုလ်၊ ကောလိပ်တွေမှာရှိတဲ့ သတ္တဗေဒဌာနများက သုတေသနပြုလုပ်ချင်သူများကို သုတေသနထောက်ပံ့ငွေများ ပံ့ပိုးပေးပါတယ်။ နောက်ပြီး သဘာဝထိန်းသိမ်းရေး နယ်မြေများ ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် လိုအပ်တဲ့ ရန်ပုံငွေများလည်း ထောက်ပံ့ပေးပါတယ်။

ကျွန်တော်တို့အဖွဲ့ရဲ့လုပ်ဆောင်ချက်တွေကတော့ လက်ရှိသဘာဝထိန်းသိမ်းရေး နယ်မြေတွေရဲ့ အခြေအနေများကို လေ့လာသုံးသပ်မှုပြုလုပ်ပြီး သက်ဆိုင်ရာဌာနများသို့ တင်ပြအစီရင်ခံပါတယ်။ နောက်တစ်ချက်ကတော့ လက်ရှိတစ်နိုင်ငံလုံးရဲ့ သဘာဝထိန်းသိမ်းရေး နယ်မြေဧရိယာ ငါးရာခိုင်နှုန်းကနေ ၁၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သတ်မှတ်နိုင်ဖို့ကို အလားအလာကောင်းတဲ့ နယ်မြေများသို့ ကွင်းဆင်းကာ ဇီဝဗေဒလေ့လာရေး ခရီးစဉ်အဖြစ် သွားရောက်ကြပြီး ဖြစ်နိုင်တဲ့ဒေသများကို သက်ဆိုင်ရာဌာနများအထိ တင်ပြပေးခြင်းတို့ကို ဆောင်ရွက်ပါတယ်။ အရေးကြီးတိရစ္ဆာန်မျိုးစိတ်များ (ဥပမာ-ကျား၊ ဆင်)ကို ရေရှည်ထိန်းသိမ်းနိုင်ဖို့ စာရင်းကောက်ယူခြင်းလုပ်ငန်းကိုတော့ သစ်တောဦးစီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်ကြပါတယ်။ မြန်မာနိုင်ငံရဲ့ သဘာဝနယ်မြေထိန်းသိမ်းရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေဖို့ အတွက်ကတော့ ပြည်တွင်း ပြည်ပမှာရှိတဲ့ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) တို့ရဲ့ လုပ်ငန်းတွေ အောင်မြင်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးတဲ့အပြင် သားငှက်ထိန်းသိမ်းရေး လုပ်ငန်းများကို ပြည်သူတွေ စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်လာကြဖို့ကိုတော့ ထိန်းသိမ်းရေးပညာပေးလုပ်ငန်းအပြင် စာအုပ်စာတမ်း၊ လက်ကမ်းစာစောင်၊ ပိုစတာ၊ ပြက္ခဒိန်များ ထုတ်ဝေဖြန့်ဝေမှုတွေကိုလည်း ဆောင်ရွက်ပေးပါတယ်။

မေး။ ။ ပြည်သူတွေကို သားငှက်ထိန်းသိမ်းရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ အောင်မြင်မှုတွေရှိပါသလား၊ ဘယ်လိုအသိပညာပေးလုပ်ငန်းများနဲ့ ဆောင်ရွက်ခဲ့ပါသလဲခင်ဗျာ။

ဖြေ။ ။ ကျွန်တော်တို့ WCS အနေနဲ့ အသိပညာပေးလုပ်ငန်းများဆောင်ရွက်တဲ့နေရာမှာ သဘာဝပတ်ဝန်းကျင်နဲ့ သားငှက်တိရစ္ဆာန်တို့ဟာ လူသားများအပေါ် အကျိုးပြုကြောင်းကို အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြီးတော့ ရှင်းလင်းပြောကြားကြပါတယ်။ ဒေါက်တာအဲလန်ရေးသားခဲ့တဲ့ သင်တန်းလက်စွဲစာအုပ်ကိုမြန်မာဘာသာဖြင့်ထုတ်ဝေပြီး သားငှက်ထိန်းသိမ်းရေး အခြေခံသင်တန်းတွေမှာ ပို့ချပေးပါတယ်။ ဒေါက်တာစိန်ထူးရေးသားခဲ့တဲ့ “နို့တိုက်သတ္တဝါကြီးများ” စာအုပ်ကိုတော့ အင်္ဂလိပ်ဘာသာနဲ့ ရိုက်နှိပ်ထုတ်ဝေတာတွေ ပြုလုပ်ပေးခဲ့ပါတယ်။ နောက်လုပ်ငန်းတစ်ခုကတော့ ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနဲ့ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်တွေမှာ ဆောင်ရွက်ခဲ့တဲ့ ဇီဝဗေဒ လေ့လာရေးခရီးစဉ်နဲ့ သားငှက်ထိန်းသိမ်းရေးလုပ်ငန်းများအကြောင်း ဗီဒီယိုမှတ်တမ်းကို မြန်မာ့ရုပ်မြင်သံကြားနဲ့ မြဝတီရုပ်မြင်သံကြားတို့မှာ ပြည်သူအများ အသိပညာတိုးပွားစေဖို့ ထုတ်လွှင့်ပြသနိုင်ခဲ့ပါတယ်။

နောက်လုပ်ဆောင်ချက်တစ်ခုကတော့ ကာကွယ်ထိန်းသိမ်းရေးနယ်မြေနှစ်ခုစလုံးမှာရှိတဲ့ ဒေသခံပြည်သူများ ထိန်းသိမ်းရေး၊ လုပ်ငန်းများအတွင်း ပူးပေါင်းပါဝင်စေရေးကိုတော့ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက ဦးစီးပြီး WCS၊ ဒေသခံတိုင်းရင်းသားများ ပါဝင်တဲ့ နယ်လှည့်ပညာပေးအဖွဲ့ဟာ ကာကွယ်ထိန်းသိမ်းရေးနယ်မြေများနဲ့ ဆက်စပ်ကျေးရွာများ၊ ကျောင်းများသို့ လှည့်လည်၍ စဉ်ဆက်မပြတ် ထိန်းသိမ်းရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့အဖွဲ့ဟာ သက်ဆိုင်ရာဌာနများရဲ့ကူညီမှု၊ ဒေသခံဝန်ထမ်းတွေရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်တာရယ်၊ လုပ်ငန်းဆောင်ရွက်မှုများကို မီဒီယာများက ပူးပေါင်းတင်ပြပေးမှုတို့ကြောင့် ထိုက်သင့်သလောက် အောင်မြင်မှုများရရှိတယ်လို့ ဆိုနိုင်ပါတယ်။

ကြေးမုံသတင်းအဖွဲ့မှ မေးမြန်းမှုလေးတွေကို ဂရုတစိုက် အလေးထားဖြေကြားပေးသော ဦးသန်းမြင့် (တာဝန်ခံ) သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) ကို အထူးကျေးဇူးတင်ရှိပါတယ်။ သားငှက်ထိန်းသိမ်းရေးလုပ်ငန်းများကို ပြည်သူများနှင့်အတူ ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေလို့. . . . .။

ကျောင်းပညာပေးအစီအစဉ်တွင် ကျောင်းသား လူငယ်များ တောရိုင်းတိရစ္ဆာန် အစိတ်အပိုင်းများကို လေ့လာနေစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား မလေးရှားအဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၁၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား မလေးရှားနိုင်ငံ JAYCORP Berhad ကုမ္ပဏီအမှုဆောင်ဥက္ကဋ္ဌ Tan Sri Majid Khan ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက် ၁၁ နာရီတွင် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**(အပေါ်ပုံ)**

တင်ပို့ရောင်းချနိုင်ရေး

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများ၊ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ၊ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ စားအုန်းဆီများ ဈေးနှုန်းမှန်ကန်တည်ငြိမ်စွာဖြင့် တင်သွင်းဖြန့်ဖြူးနိုင်ရေးနှင့် ရော်ဘာသစ်များအား တန်ဖိုးမြှင့်ထုတ်လုပ်၍ မလေးရှားသို့ တင်ပို့ရောင်းချနိုင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဦးမြင့်ဆွေက ရွှေဂုံတိုင်လမ်းဆုံ၊ တာမွေလမ်းဆုံနှင့် ဘုရင့်နောင်လမ်းဆုံတိုးချဲ့ခြင်း လုပ်ငန်းများ၊ ယာဉ်ပိတ်ဆို့မှုလျှော့ချရေး ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အစိုးရသစ်လက်ထက်တွင် ယင်းစီမံကိန်းများကို ပြည့်စုံကောင်းမွန်စွာဖြင့် ပြီးစီးအောင်ဆောင်ရွက်ရန် လိုကြောင်း၊ ရန်ကုန်မြို့သည် စီးပွားရေးမြို့ဖြစ်သဖြင့် သန့်သန့်ရှင်းရှင်းဖြင့် သွားလာရေးအဆင်ပြေအောင် ဆောင်ရွက်ရန်လိုကြောင်း၊ မော်တော်ယာဉ်များ တဖြည်းဖြည်းများပြားလာပြီး ယာဉ်ပိတ်ဆို့မှုများ ဖြစ်နိုင်သဖြင့် ယင်းခုံးကျော်တံတားစီမံကိန်းကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ပြီးစီးအောင် ဆောင်ရွက်သွားကြရန်၊ ရန်ကုန်မြို့တစ်ခုလုံး လွှမ်းခြုံနိုင်မည့် Master Plan ပါသော လမ်းကွန်ရက်စနစ်ဖြင့် ဆက်စပ်ဆောင်ရွက်ကြရန်နှင့် ပြီးစီးနိုင်မည့် အချိန်ခန့်မှန်းကာလကိုလည်း ပြည်သူများ သိရှိနိုင်အောင် အသိပေးသွားစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် လမ်းတိုးချဲ့ခြင်း လုပ်ငန်းပြီးစီးမှု၊ ယာဉ်သွားလမ်း နှစ်လမ်းဖောက်လုပ်ပြီးစီးမှုနှင့် နိုင်လွန်ကတ္တရာခင်းကျင်းပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

လှည်းတန်းခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တံတားအမျိုးအစားမှာ သံမဏိရက်မနှင့် သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ လျှာထားခုံးကျော်တံတားအရှည်မှာ ၂၅၀၇ ပေဖြစ်သည်။ တံတားအပေါ်ထည်မှာ သံမဏိရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်းလက်ရန်း ဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၄၄ ပေ ၈ လက်မ၊ လူသွားလမ်းအကျယ် (တစ်ဖက်လျှင်) သုံးပေစီ၊ တံတားအကျယ် ပေ ၅၀ နှင့် ရှစ်လက်မ၊ တံတားအောက် ကင်းလွတ်အမြင့် ၁၈ ပေ၊ ယာဉ်တစ်စီးချင်းခွင့်ပြုတန်ချိန် တန် ၆၀ ဖြစ်သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် ကျုံးကြီးလမ်းထောင့်ရှိ အမျိုးသားကြက်တောင် အားကစားခန်းမသို့ ရောက်ရှိပြီး ဧည့်ခန်းမ၌ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက ကြက်တောင်အားကစားကွင်းများ အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အားကစားခန်းမ ပထမထပ်နှင့် ဒုတိယထပ်များရှိ ကြက်တောင်ကွင်းများအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ညနေ ၃ နာရီ ၁၀ မိနစ်တွင် သဃ်န်းကျွန်းမြို့နယ်ရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)သို့ ရောက်ရှိရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အဖွဲ့ဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ U-13 အမျိုးသမီးလက်ရွေးစင်ဘောလုံးအားကစားသမားများ၊ U-14 အမျိုးသား လက်ရွေးစင်ဘောလုံးအားကစားသမားများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ဘောလုံးကွင်း မြက်ခင်းပြုပြင်ထားမှုအခြေအနေ၊ ပွဲကြည့်စင်တိုးချဲ့တည်ဆောက်ခြင်း ပြီးစီးမှုအခြေအနေ၊ ပွဲကြည့်စင်အမိုးဒိုင်း စတင်ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် အားကစားကွင်း တိုးချဲ့တည်ဆောက်ပြီးစီးမှု၊ အားကစားသမားများ လေ့ကျင့်နေမှုနှင့် ပွဲကြည့်စင်များ၌ တပ်ဆင်မည့် ထိုင်ခုံများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ (သတင်းစဉ်)

မလေးရှားအဖွဲ့ တွေ့ဆုံ

WCS၊ ဒေသခံတိုင်းရင်းသားများ ပါဝင်တဲ့ နယ်လှည့်ပညာပေးအဖွဲ့ဟာ ကာကွယ်ထိန်းသိမ်းရေးနယ်မြေများနဲ့ ဆက်စပ်ကျေးရွာများ၊ ကျောင်းများသို့ လှည့်လည်၍ စဉ်ဆက်မပြတ် ထိန်းသိမ်းရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့အဖွဲ့ဟာ သက်ဆိုင်ရာဌာနများရဲ့ကူညီမှု၊ ဒေသခံဝန်ထမ်းတွေရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်တာရယ်၊ လုပ်ငန်းဆောင်ရွက်မှုများကို မီဒီယာများက ပူးပေါင်းတင်ပြပေးမှုတို့ကြောင့် ထိုက်သင့်သလောက် အောင်မြင်မှုများရရှိတယ်လို့ ဆိုနိုင်ပါတယ်။

ကြေးမုံသတင်းအဖွဲ့မှ မေးမြန်းမှုလေးတွေကို ဂရုတစိုက် အလေးထားဖြေကြားပေးသော ဦးသန်းမြင့် (တာဝန်ခံ) သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) ကို အထူးကျေးဇူးတင်ရှိပါတယ်။ သားငှက်ထိန်းသိမ်းရေးလုပ်ငန်းများကို ပြည်သူများနှင့်အတူ ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေလို့. . . . .။

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ထိုင်းသံအမတ်ကြီးတွေ့ဆုံ

နေပြည်တော်　　မေ　　၁၈

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဖိစနု ဆုဝဏ္ဏချုတ်သည် ယနေ့နံနက် ၈ နာရီတွင် အဆိုပါဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး**(အောက်ပုံ)** နှစ်နိုင်ငံ လေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍများ၊ အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးစီမံကိန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား အမေရိကန်နိုင်ငံ National Institute of Health ရှိ Fogarty International Center မှ ညွှန်ကြားရေးမှူး Dr. Roger T. Glass ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား အမေရိကန်ဧည့်သည်တွေ့

နေပြည်တော်　　မေ　　၁၈

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား အမေရိကန်နိုင်ငံ National Institute of Health ရှိ Fogarty International Center မှ ညွှန်ကြားရေးမှူး Dr. Roger T. Glass ဦးဆောင်သောအဖွဲ့သည် မေ ၁၇ ရက် ညနေ ၅ နာရီတွင် အဆိုပါဝန်ကြီးဌာနဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ၊ ဆေးယဉ်ပါးငှက်ဖျားရောဂါပိုးကာကွယ်ကုသရေးလုပ်ငန်းများနှင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လိုမှုများ၊ သွေးလွန်တုပ်ကွေးရောဂါဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာကိစ္စရပ်များ၊ ကလေးသူငယ်ရောဂါဆိုင်ရာ သုတေသနလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် လေ့ကျင့်ပျိုးထောင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦး၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စပါးစိုက်တောင်သူများ တွက်ခြေကိုက်သည့် စားပြောင်းစိုက်ပျိုးမှု ပိုမိုများပြားလာ

ရေတာရှည်　　မေ　　၁၈

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ လယ်ယာစိုက်ပျိုးသည့် တောင်သူများသည် စပါးအပြင် ဈေးကွက်ဝင်စားပြောင်းကို ပိုမိုစိုက်ပျိုးလာကြသည်ကိုတွေ့ရှိရသည်။ **(အောက်ပုံ)** မြစ်ချောင်းအင်းအိုင်များနှင့် ထိစပ်လျက်ရှိသည့် မြေနေရာအများစုတွင် အများအပြားစိုက်ပျိုး၍ ဝင်ငွေကောင်းလျက်ရှိသည်။ ယခုနှစ်တွင် စပါးဈေးမကောင်း၍ တောင်သူများ အရှုံးပေါ်ခဲ့သော်လည်း တစ်ဖက်တစ်လမ်းမှ ပြောင်းကို ဖြည့်စွက်စိုက်ပျိုးကြသည့်အတွက် ဝင်ငွေပြန်လည်ရရှိပြီး စရိတ်ကာမိသည်ဟု တောင်သူတစ်ဦးက ပြောပြသည်။ "တောင်သူတွေ စပါးတစ်မျိုးတည်း စိုက်လို့မဖြစ်တော့ဘူး၊ တခြားအခုလို ပြောင်းထည့်စိုက်တဲ့အခါကျတော့ တစ်ဧကကို အပင်ရေတစ်သောင်းခွဲ၊ အဲဒီမှ ပြောင်းအဖူးတစ်သောင်းခွဲရမယ်၊ တစ်ဖူးကို ၁၀၀ ပဲထားဦး စရိတ်နုတ်အပြီး ၁၀ သိန်းအထက်မှာအမြတ်ရတယ်၊ စပါးချည်းစိုက်ရင် ဒီစပါးမပေါ်မချင်း ထိုင်စောင့်ပြီးစားနေရမယ်၊ ဝင်ငွေရမယ့်ကြားသီးနှံစိုက်တော့ စပါးရှုံးပေမယ့် သိပ်ထိခိုက်စရာ မရှိပါဘူး" ဟု စပါးနှင့် ပြောင်းစိုက်ပျိုးသည့် တောင်သူတစ်ဦးက ပြောပြသည်။ ယခုအခါ ပြောင်းစိုက်ပျိုးမှုကို တောင်သူအများစု စိတ်ပါဝင်စားလာကြပြီး ဆွာချောင်းတစ်လျှောက်နှင့် စစ်တောင်းမြစ်ဝှမ်းဒေသများတွင် အများအပြားတွေ့ရသည်။ **ကိုလွင်(ဆွာ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၁၉-၅-၂၀၁၂ (စနေနေ့)

၅း၄၀	"အားကိုးရှိပါစေ"တရားတော် (မြောက်ဦးဆရာတော်ဝနဝါသီ အရှင်ဝါယာမိန္ဒ)
၂း၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ 'The Sign Of Love' (အချစ်သင်္ကေတ)(အပိုင်း-၅)
၄း၀၀	MNL (Rakhapura Vs Zeyar Shwe Myay) (LIVE)
၆း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၂၇)**
၇း၂၀	တေးပြုစာဆိုဦးဘသိန်း(မန္တလေး) ရာပြည့်အထိမ်းအမှတ်ဂီတပွဲတော် (အပိုင်း-၅)
၈း၃၀	သွားမယ်စားမယ် (Hello)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၄၁)**
၁၀း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နှလုံးသားပုံဖော်ရာ" (အပိုင်း-၁၃)**
၁၁း၂၀	ယိုင်သွားရင် ဒိုင်စားမယ် (ဝေဠုကျော်၊ ဆောင်းအိန္ဒြေထွန်း) (ဒါရိုက်တာ-ဇော်လူထက်)
၁၁း၄၀	Fashion Week (Designer Shiler) (Part-2)
၁း၅၅	ရှမ်းမြောက်မြေက. . . မွှေးကြိုင်သင်းပျံ့. . . ဝူးလုံရန်နံ့

ကြေးမုံသတင်းစာသို့ စိတ်ဝင်စားဖွယ် သတင်း၊ ဓာတ်ပုံများနှင့် အကြံပြုစာများပေးပို့နိုင်

နေပြည်တော်　　မေ　　၁၈

ကြေးမုံသတင်းစာကို ပြည်သူများစိတ်ဝင်စားဖွယ်ဖြစ်အောင် ယခုအခါ ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိပါသည်။ သို့ပါ၍ မြို့နယ်သတင်းထောက်များ၊ စာပေဝါသနာရှင်များ၊ သတင်းစိတ်ဝင်စားသူများသည် မိမိတို့မြို့နယ်အတွင်း ဖြစ်ပေါ်လျက်ရှိသော သတင်းဦး၊ သတင်းထူး၊ စိတ်ဝင်စားဖွယ်သတင်းနှင့် ဓာတ်ပုံများကို အချက်အလက်အထောက်အထားမှန်ဖြင့် အမည်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ပြည့်စုံစွာရေးသား၍ ပေးပို့နိုင်သည့်အပြင် သတင်းစာဖတ်ပရိသတ်များအနေဖြင့်လည်း ဝေဖန်အကြံပြုစာများကို ကြေးမုံသတင်းစာတိုက် နေပြည်တော်သို့ အီးမေးလ်လိပ်စာ themirror.npt@gmail.com နှင့် ဖက်စ်ဖုန်း-၀၆၇-၃၆၁၃၁ တို့ဖြင့် ပေးပို့နိုင်ပါသည်။

(စာတည်းအဖွဲ့)

မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်းရှိ မြန်မာနိုင်ငံမြားပစ်အားကစားလေ့ကျင့်ရေးစခန်း၌ အားကစားသမားများ၏ လေ့ကျင့်နေမှုများကိုကြည့်ရှုပြီး လိုအပ်ချက်များ၊ နည်းပြချုပ်၏ လေ့ကျင့်ရေးအစီအစဉ်များ၊ တိုးတက်မှုများကို မေးမြန်း၍ အားပေးစကားပြောကြားကာ(ယာပုံ) **အားကစားလေ့ကျင့်ရေးဝတ်စုံများ ပေးအပ်သည်။**

ထို့မှတစ်ဆင့် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်သို့ သွားရောက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမိုးမြင့်နှင့် ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များနှင့် ရွက်လှေအားကစားနည်း တိုးတက်ရေးဆွေးနွေးပြီး ရွက်လှေအားကစားသမားများအတွက် အားကစားလေ့ကျင့်ရေးဝတ်စုံများ ပေးအပ်ကာ ရွက်လှေအားကစားနည်းပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အင်းလျားကန်၌ အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်နှင့် ABC Stout Myanmar Co.,Ltd. တို့ ပူးပေါင်းကျင်းပသည့် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် Myanmar Brewery Co., Ltd. ဥက္ကဋ္ဌ ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း)တို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါပြိုင်ပွဲတွင် အလွတ်တန်းပြိုင်ပွဲ ပွဲစဉ်လေးမျိုးနှင့် လူသစ်တန်းပြိုင်ပွဲ ပွဲစဉ်ငါးမျိုး စုစုပေါင်းပြိုင်ပွဲ ကိုးမျိုး ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ၁၃ သင်းနှင့် အမျိုးသားအမျိုးသမီး ၂၄၂ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သုဝဏ္ဏလူငယ်အားကစားလေ့ကျင့်ရေးစခန်း၌ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်က ပဏာမစခန်းသွင်း ရွေးချယ်လေ့ကျင့်လျက်ရှိသည့် အားကစားသမားများ၏ မီတာ ၁၀၀၊ ၂၀၀ နှင့် ၄၀၀၊ လမ်းလျှောက်၊ တုတ်ထောက်ခုန်၊ အလျားခုန် စံချိန်ယူလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး အားကစားသမားများအားတွေ့ဆုံ၍ အားကစားလေ့ကျင့်ရေးဝတ်စုံများ ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်က ပဏာမရွေးချယ်လေ့ကျင့်ပေးလျက်ရှိသည့် လက်ဝှေ့အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး အားကစားသမားများအား အားပေးစကားပြောကြားကာ အားကစားလေ့ကျင့်ရေးဝတ်စုံများ ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ပဏာမရွေးချယ်လေ့ကျင့်လျက်ရှိသော အားကစားသမားများ၏ လေ့ကျင့်နေမှုများ၊ စမ်းချောင်းမြို့နယ် ပဒုမ္မာဝူရှူးလေ့ကျင့်ရေးစခန်း၌ ဝူရှူး၊ ဆန်းဆို အားကစားသမားများ၏ လေ့ကျင့်နေမှုများ၊ အားကစားနှင့် ကာယပညာသိပ္ပံရှိ ကျွမ်းဘားလေ့ကျင့်ရေးစခန်း၌ ပဏာမ ကျွမ်းဘားအားကစားသမားများနှင့် သွေးသစ်လူငယ်အားကစားသမားများ၏ လေ့ကျင့်နေမှုများနှင့် လေ့ကျင့်ရေးအားကစားရုံ ပြန်လည်ပြင်ဆင်မွမ်းမံမည့် အစီအစဉ်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၂ ခုနှစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား လူငယ်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် မေ ၁၈

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား လူငယ်တင်းနစ်ပြိုင်ပွဲ (2012 President Cup Junior Tennis Tournament) ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၁၆ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ (၁၀)နှစ်နှင့် အောက်တစ်ဦးချင်း ပြိုင်ပွဲ၌ စိုင်းအုပ်လွှမ်းထက်စိုး၊ (၁၂)နှစ်နှင့် အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ ကောင်းထက်စံ၊ (၁၂)နှစ်နှင့်အောက် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၌ ဖူးပွင့်သူ၊ (၁၄)နှစ်နှင့်အောက် အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲ၌ လွင်မိုး၊ (၁၄)နှစ်နှင့် အောက် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၌ ခင်နန္ဒာဇော်၊ (၁၆)နှစ်နှင့်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ ဇော်ဆန်းဦး၊ (၁၆)နှစ်နှင့်အောက် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၌ ခင်နန္ဒာဇော်တို့က ပထမအသီးသီးရရှိကြပြီး (၁၂)နှစ်နှင့်အောက် အမျိုးသားတစ်ဦးချင်း Consolation ပြိုင်ပွဲတွင် ရဲမျိုးကျော်၊ (၁၄)နှစ်နှင့်အောက် အမျိုးသားတစ်ဦးချင်း Consolation ပြိုင်ပွဲတွင် အောင်သက်ဦးနှင့် (၁၆)နှစ်နှင့်အောက် အမျိုးသားတစ်ဦးချင်း Consolation ပြိုင်ပွဲတွင် သက်ပိုင်ထူးတို့က ပထမရရှိကြကာ တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက (၁၈)နှစ်နှင့်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ဇော်ဆန်းဦး၊ ဒုတိယ ဝင်းနိုင်ဦး၊ ပူးတွဲတတိယရရှိကြသော အောင်မျိုးသန့်နှင့် ဟိန်းလှထူး**(အပေါ်ပုံ)** တို့အား ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ညဉ့်နက်သန်းခေါင် ရွှမ်းလမ်းဈေး(ခ)ဂွဈေး၌ မီးလောင်

ရန်ကုန် မေ ၁၈

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတော(မြောက်)ရပ်ကွက် ဗဟိုလမ်းပေါ်တွင်ရှိသော ရှမ်းလမ်းဈေး(ခေါ်) ဂွဈေး(ဃ)ရုံမှ စတင်ကာ ယနေ့နံနက် ၁ နာရီ ၅ မိနစ်ခန့်က မီးလောင်ကျွမ်းမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

မီးလောင်မှုကို ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက နံနက် ၁ နာရီခွဲခန့် သတင်းရရှိချိန်တွင် မီးသတ်စခန်းများဖြစ်ကြသော စမ်းချောင်းမှ သုံးစီး၊ ကြည့်မြင်တိုင်မှ နှစ်စီး၊ အလုံမှ တစ်စီး၊ ကျောက်တံတားမှ သုံးစီး၊ တာမွေမှ နှစ်စီး၊ တာမွေစခန်းခွဲမှ တစ်စီး၊ သာကေတမှ နှစ်စီး၊ တောင်ဥက္ကလာမှ နှစ်စီး၊ သဃ်န်းကျွန်းမှ နှစ်စီး၊ ဒဂုံ(တောင်)မှ တစ်စီး၊ဒဂုံ(မြောက်)မှတစ်စီး၊ မြောက်ဥက္ကလာမှ သုံးစီး၊ မြောက်ဥက္ကလာစခန်းခွဲမှ တစ်စီး၊ အင်းစိန်မှနှစ်စီး၊ လှိုင်မှ နှစ်စီး၊ မရမ်းကုန်းမှ တစ်စီး၊ ဘုရင့်နောင်မှ နှစ်စီး၊ ဌာနချုပ်မှ ခုနစ်စီး စုစုပေါင်း မီးသတ်ယာဉ် ၃၈ စီး၊ အထောက်အကူပြုယာဉ် ခြောက်စီး၊ အုပ်ချုပ်မှုယာဉ်ကိုးစီး၊ မိတ်ဖက်ယာဉ်သုံးစီး၊ သန္နေတပ်ဖွဲ့ဝင် ၃၆၅ ဦး၊ အရန်တပ်ဖွဲ့ဝင် ၅၅ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၃၀ တို့ဖြင့် ကူညီကယ်ဆယ်ငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် သွပ်မိုး၊ အုတ်ခင်း၊ သံဆန်ကာ ၅ ပေ × ၅ ပေ ဆိုင်ခန်း ၃၂၈ ဆိုင်အနက် ၂၃၃ ဆိုင်၊ တန်ဖိုးငွေကျပ် ၁၁၆ ဒသမ ၅ သိန်း၊ ပစ္စည်းတန်ဖိုးငွေကျပ် ၂၃၃ သိန်းတို့အပါအဝင် စုစုပေါင်း ၃၄၉ ဒသမ ၅ သိန်းဖိုး ဆုံးရှုံးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ မီးလောင်မှုမှာ လေးပေမီးချောင်းမှ အပူလွန်ကဲကာ စတင်ခြင်းဖြစ်သည်ဟု သတင်းများ ထွက်ပေါ်နေသော်လည်း အကြောင်းအရာဖြစ်စဉ်မှန်ကို စုံစမ်းနေဆဲဖြစ်ကြောင်း သိရသည်။ ထိုမီးလောင်ကျွမ်းမှုကို သက်ဆိုင်ရာက (ပ)၁၄၈/၂၀၁၂ ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်ထားကြောင်း သိရှိရသည်။ (၆၈၀)

သဘာဝဘေးအန္တရာယ် သတင်းများ



လေပြင်းတိုက်ခတ်မှုကြောင့် မိုက်ခရိုဝေ့(ဗ်)တိုင်ပြိုလဲ

ရေတာရှည် မေ ၁၈

မေ ၁၆ ရက် ညနေ ၃ နာရီ မိနစ် ၂၀ ခန့်က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်၍ သာဂရမြို့အနောက် စက်မှုဇုန်အဆောက်အအုံများ အမိုးများလန်ခြင်းနှင့် စက်မှုဇုန်နှင့် ရန်ကုန်-မန္တလေးအမြန်လမ်းကြား ရေဝေတောင်ကြောအထက် တောင်ကုန်းအမြင့်ပေါ်တွင် တည်ဆောက်ထားသည့် မိုက်ခရိုဝေ့(ဗ်)တိုင် ပြိုလဲပျက်စီးခဲ့သည်။**(အပေါ်ပုံ)** လေပြင်းတိုက်ခတ်မှုကြောင့် သာဂရစက်မှုဇုန်ရှိ ဆေးရုံ၊ ဝန်ထမ်းလိုင်းများ အမှတ် (၁၄၊ ၁၅၊ ၁၆) စက်ရုံအမိုးများလန်သွားခဲ့ပြီး တောင်ကုန်းအမြင့်ပေါ်ရှိ (. ၅၅၈) (၆၂)မီတာအမြင့်ရှိ မိုက်ခရိုဝေ့(ဗ်) တိုင်ကြီးမှာ တောင်ဘက်သို့ပြိုလဲကျသွားခဲ့သည်။ ပြိုလဲသွားသည့် မိုက်ခရိုဝေ့(ဗ်)တိုင်အား သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးပြုပြင်သွားမည်ဟု သိရသည်။

(၅၇၈)

နိုင်ငံတကာ အားကစားသတင်းများ



စပိန်အသင်း၏ ကစားသမားသစ်ခြောက်ဦးစာရင်းတွင် မန်ယူဂိုးသမား ဒေးဗစ်ဒီဂီယာ ပါဝင်လာ

စပိန် မေ ၁၈

စပိန်အသင်းက ကစားသမားသစ်ခြောက်ဦးစာရင်း၌ ရွေးချယ်ခေါ်ယူခဲ့သည့် ဒေးဗစ်ဒီဂီယာ။

စပိန်အသင်းသည် ယူရို ၂၀၁၂ ပြိုင်ပွဲအကြိုအဖြစ် ယခုလနှောင်းပိုင်းတွင် ဆားဘီးယားနှင့် တောင်ကိုရီးယားအသင်းတို့နှင့် ချစ်ကြည်ရေးကစားမည့် ကစားသမား ၂၁ ဦးစာရင်း၌ ကစားသမားသစ်ခြောက်ဦးတွင် မန်ယူဂိုးသမား ဒေးဗစ်ဒီဂီယာပါဝင်လာကြောင်း မေ ၁၇ ရက် အားကစားသတင်းတစ်ရပ်က ဖော်ပြသည်။

အဆိုပါ ကစားသမား ၂၁ ဦးစာရင်းတွင် အက်သလက်တီကိုမက်ဒရစ်၊ ဘန်ဖီကာ၊ ရီးယဲလ်ဘတ်တစ်၊ မာလာဂါစသည့်အသင်းများမှ ကစားသမားများကို အဓိကရွေးချယ်ထားပြီး ဘာစီလိုနာ၊ ဘီဘာအိုနှင့် ချယ်လ်ဆီးအသင်းများမှ ကစားသမားများ ပါဝင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

စပိန်အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဇွန် ၁၀ ရက်တွင် အီတလီအသင်းနှင့် လည်းကောင်း၊ ဇွန် ၁၄ ရက်တွင် အိုင်ယာလန်အသင်းနှင့် လည်းကောင်း၊ ဇွန် ၁၈ ရက်တွင် ခရိုအေးရှားအသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

စပိန်အသင်းသည် ယူရို ၂၀၀၈ ချန်ပီယံဖြစ်ခဲ့ပြီး ဆားဘီးယားနှင့် တောင်ကိုရီးယားအသင်းတို့နှင့် ယှဉ်ပြိုင်မည့်ပွဲစဉ်များအတွက် စပိန်အသင်းက ပဏာမရွေးချယ်ထားသည့် ကစားသမား ၂၁ ဦးမှာ ဂိုး- ကာစီးလက်စ်(ရီးယဲလ်မက်ဒရစ်)၊ ပီပီရီနာ(လီဗာပူး)၊ ဒေးဗစ်ဒီဂီယာ(မန်ယူ)၊ နောက်တန်း-အာဘီလိုယာ (ရီးယဲလ်မက်ဒရစ်)၊ ဆာဂျီယိုရာမို့စ်(ရီးယဲလ်မက်ဒရစ်)၊ ရောလ်အယ်ဘီရို(ရီးယဲလ်မက်ဒရစ်)၊ ဂျော်ဒီအယ်လ်ဘာ(ဗလင်စီယာ)၊ မွန်ရီယဲ (မာလာဂါ)၊ ဂျန်ဖရန်တောရက်(အက်သလက်တီကိုမက်ဒရစ်)၊ ဒိုမီနေးဇ်(အက်သလက်တီကိုမက်ဒရစ်) ကွင်းလယ်-ဇာဗီအလွန်ဆို(ရီးယဲလ်မက်ဒရစ်)၊ ကာဇိုလာ(မာလာဂါ) အိတ်ဇီဘာရီရာ (ရီးယဲလ်ဘတ်တစ်)၊ အစ္စကို(မာလာဂါ)၊ ဂျာဗီဂါစီယာ (ဘန်ဖီကာ)၊ ဆိုရီယာနို(ဗီလာရီးယဲလ်)၊ ဒေးဗစ်ဆေးလ်ဗား(မန်စီးတီး)၊ နာဗတ်(ဆီဗီလာ)၊ ရှေ့တန်း-နီဂရီဒို(ဆီဗီလာ)၊ ရောဘတ်တိုဆိုလ်ဒါဒို(ဗလင်စီယာ)၊ အက်ဒရီယန်လိုပက်ဇ်(အက်သလက်တီကိုမက်ဒရစ်)တို့ဖြစ်ကြသည်။ ***အင်တာနက်။***

နိုင်လင်းကြည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မေ ၁၈

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌ LEE, Kang Kook ၏ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပမည့် အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့်အဆင့်တူ အဖွဲ့အစည်းများအသင်း ညီလာခံသို့ တက်ရောက်ရန် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးဆန်းမြင့်၊ ဦးမြင့်ကြိုင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုးနှင့်အတူ အဖွဲ့ဝင်အဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးစိုးသိန်း လိုက်ပါသွားသည်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုးနှင့်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ကျင်းပမည့် အာရှ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူ အဖွဲ့အစည်းများအသင်း ညီလာခံသို့ တက်ရောက်ရန် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မီးကွင်းပုံစံနေကြတ်မှုဖြစ်စဉ် တရုတ်မှသည် တက္ကဆက်ထိတွေ့မြင်ကြရမည်

သိပ္ပံသတင်းများ | ဇင်ထူး

ကမ္ဘာမြေပြင်နှင့် နေတို့အကြား လကရောက်ရှိလာခြင်းကြောင့် လ၏နောက်ကွယ်မှ နေကို မီးကွင်းတစ်ခုသဖွယ် မြင်တွေ့ကြရမည့် ကြုံတောင့်ကြုံခဲ နေကြတ်မှုဖြစ်စဉ်သည် လာမည့်တနင်္ဂနွေနေ့ (မေ ၂၀ ရက်)တွင် ဖြစ်ပေါ်မည်ဖြစ်ရာ အဆိုပါနေကြတ်မှုကို ပါတီပွဲများကျင်းပရင်း ကြည့်ရှုကြရန်အတွက် အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းဒေသများတွင် နေထိုင်ကြသူ ထောင်ပေါင်းများစွာတို့က ပြင်ဆင်လျက်ရှိကြကြောင်း စီအင်န်အင်န်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ နေကြတ်မှုဖြစ်စဉ်ကို တက္ကဆက် အနောက်မြောက် ဒေသများမှသည် နယူးမက္ကဆီကို၊ အရီဇိုးနား အရှေ့မြောက်ပိုင်း၊ ယူတားတောင်ပိုင်း၊ နီဗားဒါး၊ ကာလီဖိုးနီးယားမြောက်ပိုင်းနှင့် အော်ရီဂွန် အနောက်တောင်ပိုင်းတို့တွင် မေ ၂၀ ရက် မွန်းလွဲပိုင်း၌ တွေ့မြင်ကြရမည်ဖြစ်သည်။

ယင်းနောက် အဆိုပါ နေကြတ်မှုကို ဆက်လက်၍ ပစိဖိတ်မြောက်ပိုင်း၊ ဂျပန်နိုင်ငံတောင်ပိုင်းနှင့် တရုတ်နိုင်ငံတောင်ပိုင်းတို့တွင် မေ ၂၁ ရက် နံနက်ပိုင်း၌ တွေ့မြင်ကြရမည်ဖြစ်ရာ တုံကင်ပင်လယ်ကွေ့မှ စတင်၍ ဟိုင်နန်ကျွန်း၏မြောက်နှင့် အနောက်မြောက်၊ ကွမ်ကျိုးနှင့် တိုင်ပေ၊ ဟောင်ကောင်၊ အိုဆာကာနှင့် တိုကျိုဒေသများ၌ နေထိုင်ကြသူများက တွေ့မြင်ကြရမည်ဖြစ်သည်ဟု သတင်းများ၌ ဖော်ပြထားသည်။

ကားငယ်တစ်စီးအရွယ်ရှိ ရေမလိပ်တစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ကျောက်မီးသွေးမိုင်းတွင်းတွင် တွေ့ရှိ

ယခုခေတ် စမတ်ကား(သို့မဟုတ်) ခေတ်ဟောင်းလိပ်ခုံးကားခေါ် ဗောက်စ်ဝက်ဂွန်ကားငယ်တစ်စီးခန့် အရွယ်အစားရှိသော ရေမလိပ်တစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို သုတေသီများက ရှာဖွေတွေ့ရှိထားကြကြောင်း ဖောက်စ်သတင်းဌာန၏ သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။



တောင်အမေရိကတိုက် ကိုလံဘီယာနိုင်ငံတွင် လွန်ခဲ့သည့်နှစ်ပေါင်း သန်း ၆၀ က ရှင်သန်ကျက်စားခဲ့သော ရေမလိပ်ကြီး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို မိမိတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များက တွေ့ရှိခဲ့ကြကြောင်း မြောက်ကာရိုလိုင်းနားပြည်နယ် တက္ကသိုလ်က ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အဆိုပါကျောက်ဖြစ်ရုပ်ကြွင်းကို ၂၀၀၅ ခုနှစ်က ကိုလံဘီယာရှိ ကျောက်မီးသွေးမိုင်းတွင်းတစ်ခုတွင် တွေ့ရှိခဲ့ကြခြင်းဖြစ်ပြီး ၎င်းအား Carvonemys cofrinii ဟု အမည်ပေးခဲ့ကြသည်။ အဆိုပါလိပ်ကြီး၏ ဦးခေါင်းမှာ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❖

ယနေ့ သတင်းအညွှန်း

"နိုင်ငံသားများ၏ ကျန်းမာရေးအတွက်သာမက နိုင်ငံသားတစ်ဦးချင်းစီတို့၏ လူမှုရေးနှင့် စီးပွားရေးကိုပါ ထိခိုက်စေတတ်သော ကုန်စည်များအား မြင့်မားသော အခွန်နှုန်းများ သတ်မှတ်ကောက်ခံနေခြင်းမှာ အခွန်ငွေကောက်ခံရရှိရေး သက်သက်သာမက တိုင်းပြည်စီးပွားတိုးတက်ရေး အထောက်အပံ့ဖြစ်စေရန်နှင့် နိုင်ငံသားတစ်ဦးချင်းစီတို့၏ ကျန်းမာရေး၊ လူမှုရေးတို့ ထိခိုက်မှုမရှိစေရေး ထိန်းချုပ်ရန်ရည်ရွယ်"

ဆောင်းပါး စာမျက်နှာ ၆

"မျိုးတူကိန်းဂဏန်းတို့၏ မူလတန်ဖိုးသည် တူညီနေကြသည်။ တန်ဖိုးပြနေရာ ပြောင်းလဲသွားသောကြောင့် မူလတန်ဖိုးထက် ပြောင်းလဲသွားခြင်း ဖြစ်သည်။ လူတို့၌လည်း လူဟူသော မူလလူ့တန်ဖိုးချင်းက အတူတူပင် ဖြစ်ပါသည်။ လူဟူသော မူလလူ့တန်ဖိုးပြောင်းလဲသွားခြင်းသည် လူ့ဘဝ၊ လူ့ဂုဏ်ရည် တန်ဖိုးပြနေရာ ပြောင်းလဲသွားသောကြောင့်ဖြစ်"

နေရာလိုက်တန်ဖိုး စာမျက်နှာ ၇

နိုင်ငံတကာရုပ်ရှင် အနုပညာရုပ်ဝန်း

ကန်းရုပ်ရှင်ပွဲတော်သို့ ဂျက်ကီချန်းနှင့်အတူ တက်ရောက်မည့် ကွန်ဆန်ဝူး

အောဝမ်းစိုး

နာမည်ကျော် ကိုရီးယားမင်းသား ကွန်ဆန်ဝူးသည် ဟောင်ကောင်အက်ရှင်စူပါစတား ဂျက်ကီချန်းနှင့်အတူ ပြင်သစ်ကန်းရုပ်ရှင်ပွဲတော်သို့ တက်ရောက်မည်ဖြစ်ကြောင်း ၎င်းအနုပညာရေးရာအေဂျင်စီက ထုတ်ဖော် ပြောကြားသည်။

ကွန်ဆန်ဝူး၏ အနုပညာရေးရာအေဂျင်စီက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထုတ်ပြန်ကြေညာရာ၌ ကွန်ဆန်ဝူးနှင့် ဂျက်ကီချန်းတို့သည် ၎င်းတို့၏ စွန့်စားခန်းအက်ရှင် ဇာတ်လမ်းတွဲ Armour of God ၏ 12 Chinese Zodiac Heads ဇာတ်ကားအရောင်းမြှင့်တင်ရေး ပြုလုပ်ရန် ပြင်သစ်နိုင်ငံ၌ မေ ၁၆ ရက်မှ ၂၇ရက် အထိ ကျင်းပမည့် (၆၅)ကြိမ်မြောက် ကန်းရုပ်ရှင်ပွဲတော် တက်ရောက်ကြမည်ဟုဆိုသည်။

ကွန်ဆန်ဝူးနှင့် ဂျက်ကီချန်းတို့သည် ဤဇာတ်ကားကို ပြင်သစ်နိုင်ငံပါရီမြို့၊ ထိုင်းနိုင်ငံ၊ ဒူဘိုင်းမြို့၊ တရုတ်(တိုင်ပေ) နှင့် တရုတ်နိုင်ငံတစ်ဝန်းတို့တွင် ရိုက်ကူးခဲ့ပြီး ဒီဇင်ဘာလတွင် ဖြန့်ချိပြသရန် စီစဉ်ထားသည်။

ထို့ပြင် ကွန်ဆန်ဝူးသည် တရုတ်မင်းသမီး စီစီလီယာချောင်နှင့် တွဲဖက်ရိုက်ကူးခဲ့သည့် Shadows of Love အမည်ရှိ အချစ်ဇာတ်ကားသည်လည်း တရုတ်နိုင်ငံတစ်ဝန်း ဖြန့်ချိပြသတော့မည်ဖြစ်သည်။

အင်တာနက်။

အင်တာနက်ကျန်းမာရေးသတင်း

ကြယ် စင် သာ

သစ်သီးနှင့် ဟင်းသီးဟင်းရွက်များသည် ကင်ဆာရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ကြောင်း သုတေသီများတွေ့ရှိ

မကြာသေးမီက ထုတ်ပြန်လိုက်သော လေ့လာဆန်းစစ်ချက် အသစ်တစ်ရပ်အရ သန်းပေါင်းများစွာသော ပြည်သူများမှာ သစ်သီးနှင့်ဟင်းသီးဟင်းရွက်များကို လုံလောက်စွာ စားသုံးမှုမရှိကြသဖြင့် ကင်ဆာရောဂါနှိပ်စက်မှုကိုခံစားနေရကြောင်း ဆိုသည်။ ကမ္ဘာ့ကင်ဆာသုတေသနရန်ပုံငွေအတွက် ပြုလုပ်သော အဆိုပါလေ့လာဆန်းစစ်မှုအရ ဗြိတိန်တွင် ပြည်သူငါးဦးထဲမှ တစ်ဦးလောက်သာ ကင်ဆာရောဂါ ကာကွယ်နိုင်ရန် လုံလောက်သော သစ်သီးနှင့် ဟင်းသီးဟင်းရွက်များကို စားသုံးနေကြောင်း ဆိုသည်။

လေ့လာဆန်းစစ်ချက်တွင် ပါဝင်သော သုတေသီများက ပဲအမျိုးမျိုးနှင့် သစ်သီးနှင့် ဟင်းသီးဟင်းရွက်များကဲ့သို့သော အပင်ထွက်အစားအစာများသည် ကင်ဆာရောဂါဖြစ်ပွားမှုကို ဟန့်တားနိုင်သကဲ့သို့ ဖြစ်ပြီးသားကင်ဆာအမျိုးမျိုးကိုပါ သက်သာစေနိုင်ကြောင်း မကြာသေးမီက ပြုလုပ်သောသုတေသနတစ်ခုအရ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❍